ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 21 May 2019 ၄၆၅၆

# အဂတိလိုက်စားမှုစနစ်ဆိုးကို တိုက်ဖျက်ရာတွင် ချဉ်းကပ်နည်း သုံးနည်း အသုံးပြုလျက်ရှိ




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။

**နေပြည်တော် မေ ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးသဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အဆိုပါစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်ခြင်း၊ အလုပ်အကိုင်များ ပိုမိုဖန်တီးနိုင်ခြင်းနှင့် နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိနိုင်သည့်အတွက် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

# မြောင်းမြတံတားသစ်ကြီး ဖွင့်လှစ်ပြီးနောက်ပိုင်း ကုန်စည်စီးဆင်းမှု ပိုမိုတိုးတက်လာ



**မြောင်းမြ မေ ၂၀**

မြောင်းမြတံတားသစ်ကြီးကို ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခဲ့ပြီးနောက်ပိုင်း တံတားသစ်ကြီးကြောင့် မြောင်းမြမြို့နှင့်တကွ ဆက်သွယ်သွားလာမှုများ ပိုမိုကောင်းမွန်လာပြီး ကုန်စည်စီးဆင်းမှုများလည်း ပိုမိုကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"တံတားသစ်ကြီးမပြီးခင်ကဆိုရင် ကျွန်တော်တို့ကုန်ကားတွေ ဇက်မမီလို့ မြောင်းမြဘက်ကမ်းမှာ ညအိပ်ရတယ်။ အဲဒီလိုကြုံခဲ့ပြီဆို ကဏန်းတွေ၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪**

**ကြေးမုံ ယနေ့ဖတ်စရာ**

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၇

**နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)ရဲ့ မြန်မာ့စီးပွားရေး သုံးသပ်ချက်**

စာမျက်နှာ » ၁၅

C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

ကြေးမုံ

# ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ကာကွယ်

လူတစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ခြင်းကြောင့်မဟုတ်ဘဲ ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများစားသောက်ခြင်းနှင့် ကျန်းမာရေးနှင့်မညီညွတ်သော လူမှုဘဝပုံစံများတွင် ကြာရှည်စွာနေထိုင်ထိတွေ့ခံစားရခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါအစုအဝေးကို မကူးစက်နိုင်သော ရောဂါများဟုခေါ်သည်။

မြန်မာနိုင်ငံတွင် သေဆုံးသူ ၁၀၀ လျှင် ၅၉ ဦးသည် မကူးစက်နိုင်သော ရောဂါများကြောင့်ဖြစ်သည်ကို တွေ့ရှိထားသည်။ မကူးစက်နိုင်သောရောဂါများမှာ သွေးတိုး၊ နှလုံးသွေးကြောကျဉ်း၊ ကင်ဆာ၊ စိတ်ရောဂါ၊ ဆေးလိပ်ဆေးရွက်ကြီး၊ မူးယစ်ဆေးဝါး၊ အရက်စွဲ၊ ဆီးချိုသွေးချို၊ လေဖြတ်၊ နာတာရှည်အဆုတ်နှင့် အသက်ရှုလမ်းကြောင်း၊ နားလေး၊ အတက်၊ မြွေကိုက်၊ မတော်တဆထိခိုက်မှုတို့ဖြစ်ပြီး ယင်းတို့တွင် နှလုံးသွေးကြော၊ ဆီးချိုသွေးချို၊ ကင်ဆာနှင့် နာတာရှည်အဆုတ်ရောဂါတို့မှာ အဖြစ်အများဆုံးဖြစ်ပါသည်။

အဖြစ်များသောရောဂါလေးမျိုးတွင် ကင်ဆာရောဂါသည် မြန်မာနိုင်ငံတွင်မက ကမ္ဘာနှင့်တစ်ဝန်း၌ အများဆုံးဖြစ်ပွားနေသည်။ ၂၀၁၈ ခုနှစ်စာရင်းများအရ ကမ္ဘာတစ်ဝန်းတွင် ကင်ဆာရောဂါ လူ ၁၈ ဒသမ ၁ သန်းဖြစ်ပွားခဲ့ပြီး ၉ ဒသမ ၆ သန်းသေဆုံးခဲ့သည်။ ကမ္ဘာတွင် သေဆုံးမှုဒုတိယအများဆုံးရောဂါဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်စာရင်းအရ ကင်ဆာရောဂါအသစ်ဖြစ်ပွားသူ ၆၉၅၅၄ ဦးရှိပြီး ၅၁၀၅၉ ဦး သေဆုံးခဲ့သည်။ အမျိုးသားငါးဦးတွင် တစ်ဦး၊ အမျိုးသမီးခြောက်ဦးတွင် တစ်ဦး ကင်ဆာရောဂါဖြစ်ပွားနေပြီး သေဆုံးသူများ၏ ၇၀ ရာခိုင်နှုန်းသည် ဝင်ငွေနိမ့်ကျသူ၊ အလယ်အလတ်ရှိသူများဖြစ်သည်။

ကင်ဆာရောဂါဖြစ်ပွားရခြင်းမှာ အထက်တွင်ဆိုသကဲ့သို့ နေထိုင်စားသောက်မှု ပုံစံမမှန်မှုနှင့် မျိုးရိုးဗီဇကြောင့်လည်း ဖြစ်ပွားနိုင်ပါသည်။ မြို့ပြများတွင် သဘာဝပတ်ဝန်းကျင်နှင့်သက်ဆိုင်သည့် လေထုညစ်ညမ်းမှုနှင့် နေထိုင်စားသောက်မှုနှင့်သက်ဆိုင်သည့် အစားအသောက်များကြောင့် ဖြစ်ပွားနေသည်ကို တွေ့ရှိရသည်။ ကင်ဆာရောဂါ၏ သုံးပုံတစ်ပုံကို ကာကွယ်၍ရနိုင်သဖြင့် စောစီးစွာရှာဖွေစမ်းသပ်ခြင်း၊ ကာကွယ်ကုသခြင်းကြောင့် လူ့အသက် ၃ ဒသမ ၇ သန်းခန့် နှစ်စဉ်ကယ်တင်နိုင်ခဲ့သည်။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် နိုင်ငံသူ နိုင်ငံသားများအတွက် ဘေးကင်းလုံခြုံသော စားသောက်ကုန်များကိုသာ တင်သွင်းရောင်းချခွင့်ပြုသည်။ ကျန်းမာရေးကိုထိခိုက်စေသည့် စားသောက်ကုန်များကို လုံးဝရောင်းချခွင့်မပြုဘဲ အစဉ်အမြဲကြပ်မတ်စိစစ်သည်။ ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားများ ကင်ဆာရောဂါဘေးဆိုးမှကင်းဝေးပြီး သက်ရှည်ကျန်းမာစွာနေထိုင်နိုင်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံမဟုတ်သော်လည်း ရောဂါကင်းဝေးရေးကိုရှေးရှုပြီး အသိပညာပေး၍ ကာကွယ်ပေးသင့်ပါသည်။

အခြေခံလူတန်းစား ပြည်သူလူထုမှာ ဝင်ငွေနည်းပါးသူများဖြစ်၍ အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို မရွေးချယ်နိုင်ဘဲ ဈေးနှုန်းသက်သာပြီး ဝမ်းဝရေးကိုဦးစားပေးစားသောက်နေကြရသည်။ ထို့ကြောင့် ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများကို နေ့စဉ်စားသုံးရာမှ ကင်ဆာရောဂါဖြစ်ပွားလာကြသည်။ အစားအစာများကို ရောင်းချသူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ကုသိုလ်လည်းရ ဝမ်းလည်းဝသည့်စေတနာဖြင့် ရောင်းချပေးသင့်သည်။

သို့ဖြစ်ရာ ပြည်သူလူထုကြားတွင် ကျန်းမာရေးအတွက် စိုးရိမ်ပူပန်မှုမြင့်တက်စေသည့် ကင်ဆာရောဂါကဲ့သို့ ရောဂါဆိုးများမဖြစ်ပွားစေရေးအတွက် ရောင်းချရေးနှင့် ကာကွယ်ရေးဘက်တွင် အလေးထားဆောင်ရွက်ပေးသင့်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရွှေမင်းသားဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်းသူများတွေ့ကြုံရသည့် အခက်အခဲများ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အတွက် ဆောင်ရွက်ပေးစေလိုသည့် အကြံပြုချက်များ၊ မသန်စွမ်းသူများ ရွေးကောက်ပွဲတွင် ပိုမိုပါဝင်လာစေရန် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၅/၂၀၁၉) ကျင်းပ



**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး(၁၅/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စု လွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၀**

ရန်ကုန်(ရွှေဈေး) ၁၀၅၀၀၀၀ - ၁၀၅၀၀၀၀ မန္တလေး(ရွှေဈေး) ၁၀၅၀၀၀၀ - ၁၀၅၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၀၀ ကျပ်၊ | ၁၀၁၅/၁၀၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၇၀ ကျပ်၊ | ၁၀၁၀/၁၀၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၁၀ ကျပ်၊ | ၉၄၅/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၁၀ ကျပ်၊ | ၁၀၃၀/၁၀၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၃၅/၉၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၅၀/၉၆၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၇၅/၈၇၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၀.၄ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၈.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၂.၈၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၃၄၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၈၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၁၅၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၀.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၉၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၆.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၉.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

❖ **ရှေ့ဖုံးမှ**

(၃၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အခြားအာဆီယံနိုင်ငံများနည်းတူ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က **အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် တစ်နိုင်ငံလုံးတွင် ဓလေ့စရိုက်သဖွယ် ပျံ့နှံ့နေသော အဂတိလိုက်စားမှုစနစ်ဆိုးကို တိုက်ဖျက်ရာတွင် မိမိတို့ကော်မရှင်အနေဖြင့် ချဉ်းကပ်နည်း (၃)နည်းကို အသုံးပြုလျက်ရှိပါကြောင်း၊ ပထမချဉ်းကပ်နည်းမှာ အဖွဲ့တွဲစေ့ဆော်မှု၊ ဒုတိယချဉ်းကပ်နည်းမှာ မိသားစုစေ့ဆော်မှုနှင့် တတိယချဉ်းကပ်နည်းမှာ ဗဟိဒ္ဓစေ့ဆော်မှုတို့ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးများ ဝေဖန်ထောက်ပြသည့် အချက်မှာ တိုင်ကြားစာ ၁၀၅၄၃ စောင်တွင် ၄၆ မှုကိုသာ ကော်မရှင်က စုံစမ်းစစ်ဆေး တရားစွဲဆိုနိုင်ခဲ့ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ ၁၇၉၅ စောင်သည် အမှုမှန်မပေါ်ပေါက်ခြင်း၊ ထိုက်တန်စွာအရေးယူခံရမှုမရှိဘဲ ဖြစ်နိုင်သည်ကို



ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး(ဘောဂဗေဒ)

စိုးရိမ်ခြင်းနှင့် အရေးယူဆောင်ရွက်ပေး၍မရသော တိုင်ကြားစာ ၂၈၂၄ စောင်ကို သိလိုကြခြင်းပင်ဖြစ်ပါကြောင်း၊ ကော်မရှင်သည် တစ်နှစ်လုံးတွင် ၄၆ မှုသာ အရေးယူနိုင်ခဲ့ခြင်းသည် နိုင်ငံတစ်နိုင်ငံတွင် ဖြစ်သင့်သည်ထက် များစွာနည်းသည်မှာ မှန်ပါကြောင်း။

ကော်မရှင်တွင် လူသားအရင်းအမြစ်၊ နည်းပညာ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံအားနည်းချက်များက အကြောင်းရင်းတစ်ရပ်အဖြစ်ပါဝင်ပါကြောင်း၊ အမှုတစ်ခုကို စစ်ဆေးရာတွင် အမှုအသေးအကြီးပေါ်မူတည်ပြီး ကော်မရှင်အဖွဲ့ဝင်တစ်ဦးမှ ခေါင်းဆောင်၍ ဝန်ထမ်းဦးရေ ၁၀ ဦးမှ ၁၅ ဦးအထိ အသုံးပြုရပါကြောင်း၊ ပြစ်မှုဖြစ်ပွားရာဒေသများတွင် လနှင့်ချီ၍ စစ်ဆေးရသည်များရှိပါကြောင်း၊ ကော်မရှင်၏ မူလဖွဲ့စည်းပုံအရ တစ်ပြိုင်တည်း စုံစမ်းစစ်ဆေးရေးအဖွဲ့ ငါးဖွဲ့ထက်ပို၍ မစေလွှတ်နိုင်ပါကြောင်း၊ တိုင်ကြားထားသောအမှုသည် ကြာပြီဆိုပါက ခိုင်လုံသောသက်သေများနှင့် သက်သေခံအထောက်အထားများကို ခက်ခဲစွာ



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း

ရှာဖွေရပါကြောင်း၊ ထို့ကြောင့် တစ်နှစ်တွင် ၄၆ မှုသာ အရေးယူနိုင်ခဲ့သည်မှာ မိမိတို့၏ စွမ်းဆောင်ရည်ကို အမြင့်ဆုံး အသုံးပြုထားရသည်ကို ကိုယ်စားလှယ်များအနေဖြင့် တွက်ချက်ကြည့်ပါက တွေ့မြင်နိုင်ပါကြောင်း။

## ကော်မရှင်သည် အများပြည်သူများအကြား ကျယ်ပြန့်စွာပျံ့နှံ့နေသည့် သတင်းဖြစ်လာပါက ထိုသတင်းကို မျက်ခြည်ပြတ်မခံဘဲ စူးစမ်းလေ့လာမှု အမြဲပြုလုပ်လျက်ရှိ

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျော်စောသတင်းနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မှုနည်းခြင်းကိုလည်း ထောက်ပြထားပါကြောင်း၊ ကျော်စောသတင်းဆိုသည်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ (ဂ)အရ အများပြည်သူအကြား ကျယ်ပြန့်စွာပျံ့နှံ့နေပြီး အဂတိလိုက်စားမှုဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်းကို သင်္ကာမကင်းဖြစ်သည့်အပြင် ခိုင်လုံသော အထောက်အထားရှိမှသာ ကော်မရှင်မှ သတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း၊ ကော်မရှင်သည် အများပြည်သူများအကြား ကျယ်ပြန့်စွာပျံ့နှံ့နေသည့် သတင်းဖြစ်လာပါက ထိုသတင်းကို မျက်ခြည်ပြတ်မခံဘဲ စူးစမ်းလေ့လာမှု အမြဲပြုလုပ်လျက်ရှိပါကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များမှ လိုက်နာဆောင်ရွက်နိုင်သော အချက်များအား အစီရင်ခံစာ အခန်း(၅) ၂၀၁၉ ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်တွင် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ ပြန်လည်ရှင်းလင်းတင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန် ယန်း ၈၂ ဒသမ ၂၇၃ ဘီလီယံ ချေးငွေရယူရန် သဘောတူ

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန် ယန်း ၈၂ ဒသမ ၂၇၃ ဘီလီယံ ချေးငွေရယူရေး**နှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။



ဒုတိယဝန်ကြီး ဦးအောင်ထူး



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူရေးကိစ္စကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၂၁ မဲ၊ ကန့်ကွက်မဲ ၁၅ မဲနှင့် ကြားနေမဲ ခုနစ်မဲဖြစ်၍ ထောက်ခံမဲများသဖြင့် သဘောတူအတည်ပြုကြောင်းနှင့် အဆိုပါချေးငွေကို ရယူအသုံးပြုမည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကိုပါ အလေးထားဆောင်ရွက်သွားရန်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

## အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့်စတုတ္ထအခြေပြစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရန်နှင့် အတည်ပြုနိုင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် စတုတ္ထအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ရန်နှင့် အတည်ပြုနိုင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး(ဘောဂဗေဒ)တို့က ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ယခုရေးထိုးမည့် အခြေပြစာချုပ်၌ အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံရမည့်လုပ်ငန်း ငါးမျိုးတွင် မိမိတို့နိုင်ငံအနေဖြင့် အခွင့်အရေးရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခင်ကခွင့်ပြုခဲ့သည့် မြစ်ဆုံဆည်စီမံကိန်း၊ ဖားကန့်ကျောက်စိမ်းထုတ်လုပ်မှုစီမံကိန်းများ၊ ပြဿနာများဖြစ်ခဲ့သည့် လက်ပံတောင်းတောင်ကိစ္စရပ်များ၊ နိုင်ငံ၏ သဘာဝသယံဇာတသစ်တောများပြုန်းတီးပြီး ရာသီဥတုဖောက်ပြန်မှုများနှင့် ဂေဟစနစ်ပျက်ယွင်းမှုများ ကြုံခဲ့ရမှု စသည့်ကိစ္စရပ်များ နောက်ထပ်မဖြစ်ပွားစေရန်အတွက် ပြင်ဆင်ရေးဆွဲသင့်သည်များကို ထည့်သွင်းပြင်ဆင်ရန်နှင့် အလုပ်လက်မဲ့ ပြဿနာများကို ဖြေရှင်းကူညီနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် အဆင့်မြင့်ထုတ်ကုန်များထုတ်လုပ်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ ပို၍ဝင်ရောက်လာနိုင်မည့် ပြင်ဆင်ချက်များလည်း ထည့်သွင်းစဉ်းစားထားသင့်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအတွက်သာမက အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် ပြင်ဆင်ချက်စာချုပ်တွင် လက်မှတ်ရေးထိုးအတည်ပြုနိုင်ရေးအတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)က စာချုပ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် တစ်နိုင်ငံချင်းစီအပေါ်တွင် ပေးထားသည့် ဖြေလျှော့သည့်ပုံသဏ္ဍာန်မတူညီသည့် အခြေအနေကြောင့် စာချုပ်များတွင် လက်မှတ်ရေးထိုးရာ၌ ဖြစ်လာမည့် အကြောင်းတရားများကိုလည်း ကြိုတင်ဖြေရှင်းရန်လိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ စက်မှုကဏ္ဍသည် ယခုအချိန်တွင် သုညအခြေအနေတွင်သာရှိပါကြောင်း၊ သုညရှိသည့်အချိန်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များ၊ ဒေသတွင်း လွတ်လပ်စွာကုန်သွယ်မှုများနှင့် လွတ်လပ်စွာစီးဆင်းသည့် စာချုပ်များကြောင့် အမြင်ကျယ်ကျယ်ဖြင့် ကြည့်တတ်ရန်လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုစာချုပ်များ ချုပ်ဆိုလိုက်သည့်အခါ တိုင်းပြည်မှ ပေးဆပ်ရမည့်အရာများ များစွာရှိနိုင်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အာဆီယံဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အား ပြင်ဆင်သည့် စတုတ္ထအခြေပြစာချုပ်ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးအတည်ပြုခြင်းဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံရင်းနှီးမြှုပ်နှံမှုဘက်စုံသဘောတူစာချုပ်အား ပြင်ဆင်သည့် စတုတ္ထအခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို မေ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၂၀**

ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များပေါ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းတာဝန်များမှာ ကချင်ပြည်နယ် ဖားကန့်ဒေသအတွင်း ရွှေ့ပြောင်းအလုပ်သမားများ၊ ရေမဆေးကျောက်ရှာဖွေသည့် အလုပ်သမားများ၊ ထိခိုက်လွယ်အုပ်စုများဖြစ်ကြသော မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ တိုက်ပွဲရှောင်စခန်းများမှ ဒုက္ခသည်မိသားစုများအတွက် လူနေမှုအဆင့်အတန်းနှင့်အညီ ပြည့်စုံစွာနေထိုင်နိုင်ရေးဆောင်ရွက်ခြင်း၊ ပြည်သူလူထု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာ ထိရောက်စွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသော လူမှုအသိုက်အဝန်းဖြစ်ပေါ်စေရေးနှင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိရေးအတွက် ထိရောက်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီမံချက်ချမှတ်ဆောင်ရွက်ခြင်း၊ အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်သောလူမှုအသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာစေရန်အတွက် ဆောင်ရွက်ခြင်း။

**ပေါင်းစပ်ညှိနှိုင်း**

မြေလွတ်မြေရိုင်းများတွင် အခြေချနေထိုင်နိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ စီမံဆောင်ရွက်ခြင်း၊ ဖားကန့်ဒေသရှိအခြေခံလူတန်းစား၊ ရွှေ့ပြောင်းအလုပ်သမားများ (ရေမဆေးကျောက်သမားများအပါအဝင်)၊ မူးယစ်ဆေးစွဲသူများနှင့် ဘဝရပ်တည်ရန်ခက်ခဲသည့်အုပ်စုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ခြင်း၊ ဖားကန့်ဒေသရှိ မူးယစ်ဆေးစွဲသူများအား စိစစ်ဖော်ထုတ်၍ မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရေရှည်စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေရရှိရေး ပြည်နယ်အစိုးရနှင့်အတူ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ခြင်း၊ ဖားကန့်ဒေသအတွင်း ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးစီမံကိန်း၏ တရားဥပဒေစိုးမိုးရေး၊ အဂတိတိုက်ဖျက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာစီမံခန့်ခွဲပိုင်ခွင့်ရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေးတို့အတွက် ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်တို့မှ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့်အမိန့်၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအားထုတ်ပြန်ရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲက တင်ပြလာပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြခြင်းတို့ ပါဝင်ကြောင်း။

**ရှင်းလင်းဆွေးနွေး**

လုပ်ငန်းအဖွဲ့ခွဲ ခြောက်ဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈)ကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး ထိုအစည်းအဝေးမှရရှိသည့် ဆုံးဖြတ်ချက် ၃၉ ချက်အား လုပ်ငန်းအဖွဲ့ခွဲခြောက်ဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များအဖြစ်သတ်မှတ်ခဲ့ကြောင်း၊ ဒေသခံပြည်သူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ တင်ပြချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယနေ့အစည်းအဝေးခေါ်ယူခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ဖားကန့်ဒေသလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ရင်ဆိုင်ကြုံတွေ့ရသောအခက်အခဲများ၊ ရှေ့တွင်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် အားလုံးပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ဒေါက်တာ ရဲမြင့်ဆွေ၊ ဦးစိုးအောင်၊ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က လုပ်ငန်းအဖွဲ့ခွဲများအလိုက် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

**ဆက်လက်တင်ပြသွားမည်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လုပ်ငန်းခွဲများအလိုက် လက်တွေ့မြေပြင်တွင် လက်ရှိဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ သက်ရောက်မှု ရှိ၊ မရှိ ကွင်းဆင်း၍ ဒေသခံပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်တွေ့ဆုံရန် တိုက်တွန်းပါကြောင်း၊ မိမိတွင်ရှိသည့် အင်အားနှင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သည့်နေရာတွင် ဆောင်ရွက်မှုများ ထိရောက်မှုရှိရန်၊ လက်တွေ့မြေပြင်တွင် အမှန်တကယ် အပြောင်းအလဲဖြစ်ရန် လုပ်ငန်းအဖွဲ့ခွဲအသီးသီးမှ အားထည့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ယနေ့အကြံပြုချက်များကို စုစည်းပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့ မောင်တောဒေသသို့ရောက်ရှိ



**မောင်တော မေ ၂၀**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Filippo Grandi နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် စစ်တွေမြို့သို့ရောက်ရှိကြရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများ၊ UNHCR မှ တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုကြသည်။

ဆက်လက်၍ မဟာမင်းကြီးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့မှတစ်ဆင့် မောင်တောမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ထို့နောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Filippo Grandi နှင့်အဖွဲ့သည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံပြီး နိုင်ငံတော်အစိုးရနှင့် UNDP၊ UNHCR တို့အကြား လက်မှတ်ရေးထိုးထားသည့် MoU အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် သက်တမ်းတိုးမြှင့်ရေး၊ ပြည်နယ်အစိုးရနှင့် UN အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေး ကျင်းပပြုလုပ်ရေး၊ နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေး၊ NVC ကတ်ကိုင်ဆောင်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။

ယခုခရီးစဉ်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Filippo Grandi နှင့်အဖွဲ့၏ ရခိုင်ပြည်နယ်သို့ ဒုတိယအကြိမ်လာရောက်သည့်ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက် )**

**❂ မြောင်းမြတံတားသစ်ကြီးမှ**

ငါးတွေက အချိန်မီမရောက်ရင် ပုပ်ပြီးအရှုံးပေါ်ပြီ။ အခုတော့ အဆင်ပြေတာပေါ့ဗျာ” ဟု လပွတ္တာမြို့မှ ကဏန်းကားမောင်းသူ ကိုကျော်မျိုးဦးက ပြောသည်။

“ရန်ကုန်က ဆေးခန်းပြပြီးပြန်လာတာ ဇက်မမီတော့လို့ ကိုယ့်အိမ်ကိုယ် ပြန်မအိပ်ခဲ့ရဘဲ အဲဒီညု ကွယ်လွယ်ဘက်ကမ်းက အမျိုးတွေအိမ်မှာ တစ်ညအိပ်ခဲ့ရတာ မမေ့နိုင်ပါဘူး” ဟု တံတားဆောက်လုပ်နေစဉ် ဇက်အခက်အခဲကြောင့် မြောင်းမြတစ်ဖက်ကမ်းတွင် ညအိပ်ခဲ့ရပုံနှင့်ပတ်သက်၍ ဒေသခံ ဒေါ်ကြည်ကြည်သိန်းက ပြောသည်။

ယခုအခါ တံတားသစ်ကြီးကြောင့် ကုန်စည်စီးဆင်းမှု၊ စားသောက်ကုန်၊ လူသုံးကုန်၊ ကုန်စိမ်းနှင့် အသုံးအဆောင်ပစ္စည်းများ လွယ်ကူမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်ခဲ့ကာ တံတားကြီးတည်ဆောက်မှု ကုန်ကျစရိတ်များနှင့် ရေရှည်တွင် ပြုပြင်ထိန်းသိမ်းရန်အတွက် နိုင်ငံတော်မှ တံတားဖြတ်သန်းခကို နှုန်းထားတစ်ခုသတ်မှတ်ကာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

“ကောက်ခံမယ့်နှုန်းထားတွေတော့ မသိရသေးပါဘူး၊ နေပြည်တော်ရုံးချုပ် လမ်းဦးစီးဌာနကနေ စီစဉ်ဆောင်ရွက်နေပါတယ်။ လောလောဆယ်မှာ ကန်ထရိုက်မပေးသေးပါဘူး။ ခရိုင်လမ်းဦးစီးဌာနကနေ ကြီးကြပ်ကောက်ခံသွားမှာဖြစ်ပါတယ်” ဟု မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

မြောင်းမြတံတားသစ်အတွက် ဂျပန် JFE ကုမ္ပဏီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းတည်ထောင်ထားသော J &M Steel Solutions က အသေးစိတ်ဒီဇိုင်းရေးဆွဲကာ သံပေါင်များ ထုတ်လုပ်ပေးပြီး ပင်မတံတားအပိုင်းကို ခေတ်မီနည်းပညာသစ် Steel Truss Deck Type ဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထိုတံတားသစ်သည် နှစ်ဖက်ချဉ်းကပ်တံတားများအပါအဝင် စုစုပေါင်း တံတားအရှည် ၂၇၂၃ ပေ၊ တံတားအကျယ် ၃၄ ပေ၊ ယာဉ်သွားလမ်း ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေနှင့် ရေပြင်မှကင်းလွတ်အမြင့် ၄၆ ပေရှိပြီး ယာဉ်တစ်စီးချင်း ဖြတ်သန်းနိုင်သည့် အမြင့်ဆုံးခံနိုင်ဝန်အားမှာ ၇၅ တန်အထိဖြစ်ကာ ကုန်ကျတန်ဖိုးငွေကျပ် သန်းပေါင်း ၂၀၀၀၀ ခန့် အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အမှာစကားတွင် ထည့်သွင်းရှင်းလင်းပြောကြားချက်အရ သိရသည်။

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် မြောင်းမြကြိုးတံတားပြတ်ကျမှု ဖြစ်ပွားခဲ့ပြီးနောက် မြောင်းမြတံတားသစ် တည်ဆောက်ခြင်းလုပ်ငန်းကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)က တာဝန်ယူကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏(၁/၂၀၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်ကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သတင်းရဲတပ်ဖွဲ့၊ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လိုအပ်သလိုအသုံးပြုနိုင်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် CI ထုတ်ပေးခဲ့ရာတွင် အလုပ်သမားများ၏ Bio Matrix ကိုယ်ရေးအချက်အလက်များကို မျက်စိသူငယ်အိမ် scan ဖတ်ခြင်း၊ လက်ဆယ်ချောင်းလက်ဗွေရယူခြင်းတို့ ဆောင်ရွက်ပြီး ၂၀၁၉ ခုနှစ် မေ ၁၃ ရက်အထိ အလုပ်သမား စုစုပေါင်း ၁၆၆၆၁၁၅ ဦး၏ အချက်အလက်များကို ကောက်ယူနိုင်ခဲ့ပြီး ထိုင်းနိုင်ငံတွင် တရားဝင်အလုပ်သမားများအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ကြောင်း အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များကို National Data Center တွင်ထိန်းသိမ်းထားရှိတာကြောင့် အဆိုပါအချက်အလက်များကို မည်သည့်ဌာနမှမဆို လိုအပ်သလိုအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်စပ်လျဉ်း၍ မြန်မာ-ထိုင်းနှစ်နိုင်ငံ အစိုးရအကြားနှစ်နိုင်ငံညှိနှိုင်းအစည်းအဝေးများကို အလှည့်ကျကျင်းပပြုလုပ်လျက်ရှိရာ မေ ၁၃ ရက်နှင့် ၁၄ ရက်တွင် ထိုင်းနိုင်ငံ ဖူးခက်မြို့၌ကျင်းပခဲ့သည့် “မြန်မာ-ထိုင်းနှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများညှိနှိုင်းအစည်းအဝေး”ကို ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် ဦးဆောင်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ သတင်းရဲတပ်ဖွဲ့နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ တရားဝင်စေလွှတ်ခြင်းလုပ်ငန်းစဉ်အရ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ဥပဒေပါအခွင့်အရေးနှင့် လူမှုကာကွယ်စောင့်ရှောက်မှုများ ရရှိခံစားနိုင်ရန် နှစ်နိုင်ငံအစိုးရအကြား ညှိနှိုင်းကြိုးပမ်းဆောင်ရွက်မှုများ ထိရောက်စွာလုပ်ဆောင်နိုင်ခဲ့ပါကြောင်း။

**ညှိနှိုင်းဆွေးနွေး**

အဆိုပါအစည်းအဝေးတွင် ထိုင်းနိုင်ငံသို့ MoUစနစ်ဖြင့် မြန်မာရေလုပ်သားများစေလွှတ်နိုင်ရေး၊ MoU စနစ်ဖြင့် ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်ခြင်းလုပ်ငန်းစဉ်အတွက် ကုန်ကျစရိတ်သတ်မှတ်ခြင်းနှင့် ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားသော အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ်ကို သက်တမ်းတိုးနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း။

ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံမှာရှိသည့် ပင်လယ်ငါးဖမ်းလုပ်ငန်းများသို့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ သတ်မှတ်ချက်များနှင့်အညီ မြန်မာရေလုပ်သားများစေလွှတ်ရန် ခွင့်ပြုမိန့်ရရှိခဲ့၍ သက်ဆိုင်ရာအေဂျင်စီများမှ လုပ်သားများစေလွှတ်ရေးဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ထို့အပြင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအစိုးရတို့အကြား ကျွမ်းကျင်လုပ်သားနေထိုင်ခွင့်ပုံစံဖြင့် နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာစနစ်အား စနစ်တကျလည်ပတ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံမူဘောင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ(MOC) ကို ၂၀၁၉ ခုနှစ် မတ် ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဂျပန်နိုင်ငံမှ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအတွက် ကျွမ်းကျင်လုပ်သားခေါ်ယူရန် မြန်မာနိုင်ငံသို့ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် စာမေးပွဲလာရောက်စစ်ဆေးရန် လျာထားပါကြောင်း။

**အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်**

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ အစည်းအဝေးခွင့်ပြုချက်ဖြင့် “မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်” ကို ဖွဲ့စည်းပြီးဖြစ်ကာ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ်ဖြစ်သော ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ကောင်းမွန်သည့်လုပ်ငန်းခွင်ဖြစ်စေရေး၊ ဥပဒေနှင့်အညီ ခံစားခွင့်များရရှိစေရေး အဆိုပါ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ကာ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အခက်အခဲများနှင့် ပြဿနာများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။



ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏(၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

ထို့နောက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၊ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ် ဧပြီလအထိ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ငွေကြေးသုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များမှ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းစဉ်များအလိုက် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးမှုအခြေအနေများ၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ငွေကြေးများအား မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပို့ပေးနိုင်မည့် အခြေအနေများ၊ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများအား ကြိုဆိုလက်ခံရေးဆောင်ရွက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Transformation by Innovation in Distance Education(TIDE)၏ 3rd Residential School ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၀**

Transformation by Innovation in Distance Education (TIDE)၏ 3rd Residential School ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ် သိပ္ပံသုတေသန အဆောက်အအုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်**

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက TIDE စီမံချက်သည် မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံမှတက္ကသိုလ်များ အတူတကွ ပူးပေါင်းပြီး မြန်မာနိုင်ငံအတွက် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည့် အဝေးသင်ပညာရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရန် အဝေးသင်ပညာရေးတွင် သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူပေါင်း ၅၀၀၀၀၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်သော ကျွမ်းကျင်မှုများတိုးတက်စေရန်အတွက် မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် စီမံချက်ဖြစ်ပါကြောင်း၊ TIDE စီမံချက်သည် မြန်မာနိုင်ငံအတွက် အရေးကြီးသော အသိပညာဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသိပ္ပံပညာရပ်ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ သင်ရိုးညွှန်းတမ်းများလည်း ကမ္ဘာ့အဆင့်မီဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါကြောင်း၊ ထို့ပြင် ယခုဘာသာရပ်မှ ရရှိလာသော တိုးတက်ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကိုလည်း ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည့် ပညာရပ်များတွင် ပြန်လည်အသုံးချရန်အတွက်လည်း ထပ်ဆင့်အကြံဉာဏ်ကောင်းများ ပေးသွားမည်ဖြစ်ပါကြောင်း။



TIDE စီမံချက်သည် ပညာရေးဝန်ကြီးဌာနမှ ပြုလုပ်နေသော ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ကောင်းစေရန်အတွက် ကူညီထောက်ပံ့ပေးရန် ကြိုးစားအားထုတ်လျက်ရှိပြီး အဆင့်မြင့်ပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မဟာဗျူဟာဖော်ဆောင်ခြင်းနှင့် မှန်ကန်သော ဦးဆောင်မှုများ ပြုလုပ်ပေးနိုင်ရန်အတွက်လည်း ထပ်ဆင့်ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံချက်ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင်ရှိသော တက္ကသိုလ်စုစုပေါင်း ၃၀ ကျော်နှင့် ဆရာ ဆရာမနှင့် တက္ကသိုလ်ဝန်ထမ်းပေါင်း ၃၀၀ ကျော်ထိ သင်တန်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်နိုင်ရန် ရည်မှန်းချက်ထားရှိပါကြောင်း။

TIDE စီမံချက်သည် ဗြိတိန်အစိုးရမှ ထောက်ပံ့လျက်ရှိသော အဆင့်မြင့်ပညာကဏ္ဍပြုပြင်ပြောင်းလဲရေးစီမံကိန်း(SPHEIR)စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါကြောင်း၊ SPHEIR စီမံကိန်းသည် ဗြိတိန်အစိုးရ၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန(Department for International Development DFID) မှ တာဝန်ယူဆောင်ရွက်ပြီး ဗြိတိသျှကောင်စီ၊ Universities UK International အဖွဲ့ သုံးဖွဲ့ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ SPHEIR စီမံကိန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပညာရေးပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်ကောင်းမွန်ရန်၊ ပညာရေးကဏ္ဍလုပ်ဆောင်ချက်များ၊ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှုများ လုပ်ဆောင်ရာတွင် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်စေရန်အတွက် ဗြိတိန်အစိုးရမှ ထောက်ပံ့ပေးထားသော စီမံကိန်းတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် British သံအမတ်ကြီး Mr.Dan Chugg၊ The Open University မှ Academic Director Professor Andy Lane နှင့် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းတို့က အမှာစကားပြောကြားကြသည်။

**ပူးပေါင်းကျင်းပ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ Melia Hotel ၌ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ PTB အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပသည့် “World Metrology Day 2019” အခမ်းအနားသို့ တက်ရောက်ကြသည်။

၁၉၇၅ ခုနှစ် မေ ၂၀ ရက်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကိုယ်စားလှယ်များပါဝင်တက်ရောက်ခဲ့သည့် မီတာကွန်ဗင်းရှင်း(Metre Convention)ကို ကျင်းပကာ ခေတ်သစ်အတိုင်းအတာဆိုင်ရာ သတ်မှတ်ချက်များကို တစ်ကမ္ဘာလုံး တစ်ပြေးညီဖြစ်စေရေး တိုင်ပင်ဆွေးနွေး၍ အတည်ပြုပြဋ္ဌာန်းခဲ့ကြသည်။ အဆိုပါ မီတာကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်မှာ အတိုင်းအတာစံများ၊ ယူနစ်များကို တစ်ကမ္ဘာလုံးရှိ နိုင်ငံတိုင်းမှ တစ်ပြေးညီအသုံးပြုနိုင်ရေးဖြစ်သည်။ ထို့ကြောင့် မေ ၂၀ ရက်ကို ကမ္ဘာ့တိကျစွာတိုင်းတာခြင်း နည်းပညာနေ့(World Metrology Day)အဖြစ် သတ်မှတ်ကာ နိုင်ငံတကာတွင် အထိမ်းအမှတ်အခမ်းအနားများ ပြုလုပ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်စေဖို့ မက်ကင်ဆီအက်စ် ခုနစ်လုံးမူဘောင်

## အေးမာဝေ

(အက်စ် ခုနစ်လုံးမူဘောင်နှင့်ပတ်သက်၍ ပြောရမည်ဆိုလျှင် ၁၉၈၀ ပြည့်နှစ်များအလွန်တွင် McKinsey & Company consulting firm ၌ အလုပ်လုပ်နေကြသော စီးပွားရေးအတိုင်ပင်ခံပုဂ္ဂိုလ်များ ဖြစ်ကြသည့် Tom Peters နှင့် Robert Waterman တို့မှ အက်စ် "S" ခုနစ်လုံးမူဘောင် သို့မဟုတ် 7-S ပုံစံကိုဖော်ထုတ်ခဲ့ကြသည်။ ဤပုံစံသည် မည်သည့်အဖွဲ့အစည်းအတွက်မဆို အဖွဲ့အစည်းတစ်ခုအတွင်းရှိ အခြေအနေများကို စောင့်ကြည့်ရန်နှင့် အဖိုးဖြတ်ရန် အသုံးပြုသောလက်နက်တစ်ခု ဖြစ်သည်။)

မက်ကင်ဆီအက်စ် ခုနစ်လုံး မူဘောင်သည် အဖွဲ့အစည်းတစ်ခု အောင်မြင်တိုးတက်လိုလျှင် အဖွဲ့အစည်းအတွင်း ပြုလုပ်ဆောင်ရွက်ပေးရန် လိုအပ်သည့် အချက် ခုနစ်ချက် သို့မဟုတ် ကဏ္ဍ ခုနစ်ရပ်ပါဝင်သောပုံစံတစ်ခု ဖြစ်ပါသည်။ အချက်ခုနစ်ချက်၏ အမည်တစ်ခုစီတွင် "S" စာလုံးနှင့် အစပြုသောကြောင့် ၎င်းကို 7-S ပုံစံဟုလည်း ခေါ်သည်။ ထို 7-S မှာ Strategy (မဟာဗျူဟာ)၊ Structure (ဖွဲ့စည်းတည်ဆောက်ပုံ)၊ Systems (စနစ်)၊ Share values (မျှဝေတန်ဖိုး)၊ Style (ပုံစံ/ဟန်)၊ Staff (ဝန်ထမ်း) နှင့် Skills (ကျွမ်းကျင်မှု)တို့ ဖြစ်ကြသည်။ ဤအချက်တစ်ချက်စီသည် မည်သည့်အဖွဲ့အစည်းအတွက်မဆို အောင်မြင်တိုးတက်မှုရရှိရန်အတွက် အလွန်အရေးပါ အသုံးဝင်သည်။

အဖွဲ့အစည်းများ ဟန်ချက်ညီအောင် ပြုပြင်ပြောင်းလဲရာတွင် အလွန်အသုံးဝင်သောကြောင့် စီးပွားရေးအဖွဲ့အစည်းများအတွင်း ထင်ရှားကျော်ကြားပြီး အသုံးများလာသည်သာမက စီးပွားရေးမဟုတ်သော အဖွဲ့အစည်းများကပါ တွင်ကျယ်စွာ အသုံးပြုလာကြသည်။

### မဟာဗျူဟာ

မိမိအဖွဲ့အစည်း အောင်မြင်တိုးတက်ရန်အတွက် မဟာဗျူဟာ (Strategy) ချမှတ်ထားရမည်။ အဖွဲ့အစည်း၏ ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်ရှိရန်အတွက် အဓိကချဉ်းကပ်ရမည့် မဟာဗျူဟာထားရှိရမည်။ ၎င်းသည် ပြိုင်ဘက်များကိုကျော်လွှားနိုင်ပြီး ဈေးကွက်အတွင်း ထိုးဖောက်အောင်မြင်မည့် နည်းလမ်းအစီအစဉ်ဖြစ်သည်။ ထို့ကြောင့် မဟာဗျူဟာဆိုသည်မှာ အဖွဲ့အစည်း၏ တန်ဖိုးထားမှု၊ အဖွဲ့အစည်း၏ အဓိကမူဝါဒနှင့် အဖွဲ့အစည်း၏ အနာဂတ်ပုံရိပ်တို့ကို အခြေခံပြီး အဖွဲ့အစည်း၏ ယုံကြည်မှုလမ်းစဉ်ကို ရေးဆွဲကာ ၎င်းအတိုင်းဆောင်ရွက်ရမည့် ရေရှည်လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

### ဖွဲ့စည်းတည်ဆောက်ပုံ

မိမိ၏အဖွဲ့အစည်းတွင် အရေးတကြီးပြုလုပ်ဆောင်ရွက်ရမည်မှာ အဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်ပုံ (Structure)ဖြစ်သည်။ ဤသည်မှာ အဖွဲ့အစည်းအတွင်း အမျိုးမျိုးသောဌာနများ၊ အဖွဲ့များ၊ အုပ်စုများကို ဖွဲ့စည်းထားသည့် ပုံစံအရင်းအမြစ် သို့မဟုတ် Organizational chart ဖြစ်သည်။ မည်သူက မည်သူ၏လက်အောက်တွင် မည်သည့်တာဝန်ကို ထမ်းဆောင်ရန် ဖော်ပြသောအရာလည်း ဖြစ်သည်။ ဌာနတစ်ခုစီအတွင်း တာဝန်များအတွက် အမြဲတမ်းရာထူးများ သတ်မှတ်ထားရမည် ဖြစ်သည်။ တာဝန်ထမ်းဆောင်သောလူများ ပြောင်းလဲသွားသော်လည်း ရာထူးမှာ အမြဲရှိနေရမည်။ ရာထူးအဆင့်များ၊ အရေအတွက်များကို အဖွဲ့အစည်း၏ အခြေအနေအပေါ်မူတည်၍ ရေးဆွဲထားရမည်။ သို့သော် ဖွဲ့စည်းတည်ဆောက်ပုံမှာ မြင်သာလွယ်ပြီး ပြုပြင်ပြောင်းလဲလွယ်သောမူဘောင် ဖြစ်ပါသည်။


### စနစ်များ

မိမိအဖွဲ့အစည်းအောင်မြင်မှုရရှိရန် စနစ်များ (Systems) သတ်မှတ်ထားခြင်းသည် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ စနစ်ဆိုသည်မှာ အဖွဲ့အစည်းအတွင်း အလုပ်ပြီးမြောက်စေရန်အတွက် ဝန်ထမ်းများ သို့မဟုတ် အဖွဲ့ဝင်များမှ ပြုလုပ်ဆောင်ရွက်ရမည့် နေ့စဉ်လုပ်ငန်းဆောင်တာများနှင့် လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများနှင့် လုပ်ငန်းအတွင်းကျင့်သုံးသည့် လမ်းစဉ်များ ဖြစ်သည်။

### မျှဝေတန်ဖိုးများ

မျှဝေတန်ဖိုးများ(Share Values)သည် 7-S ပုံစံ၏ ကျန်သောအချက်များကို ထိန်းညှိပေးသောကြောင့် ၎င်းပုံစံသည် ပင်မအူတိုင်ဖြစ်သည်။ မျှဝေတန်ဖိုးများသည် မည်သည့် အဖွဲ့အစည်းအတွက်မဆို အခြေခံအုတ်မြစ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကုမ္ပဏီ၏ လုပ်ဆောင်မှုများ၊ ဝန်ထမ်းများ၏ လုပ်ငန်းခွင်အတွင်းဆောင်ရွက်သောအပြုအမူများကို လမ်းညွှန်ပေးသောစံများ၊ အရည်အသွေး အဆင့်အတန်းများဖြစ်သောကြောင့် ဖြစ်သည်။

> "မက်ကင်ဆီအက်စ် ခုနစ်လုံးမူဘောင်သည် အဖွဲ့အစည်းတစ်ခု အောင်မြင်တိုးတက်လိုလျှင် အဖွဲ့အစည်းအတွင်း ပြုလုပ်ဆောင်ရွက်ပေးရန် လိုအပ်သည့် အချက် ခုနစ်ချက် သို့မဟုတ် ကဏ္ဍ ခုနစ်ရပ်ပါဝင်သော ပုံစံတစ်ခုဖြစ်"




မက်ကင်ဆီအက်စ် ခုနစ်လုံးမူဘောင် သို့မဟုတ် 7-S ပုံစံ

မျှဝေတန်ဖိုးများသည် အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများ သို့မဟုတ် အဖွဲ့ဝင်များသည် ၎င်းတို့၏ ယုံကြည်ချက်များနှင့် စေတနာတို့ကိုပေါင်းစပ်ပြီး အဖွဲ့အစည်း၏ အနာဂတ်ပုံရိပ် (Vision) နှင့် ယုံကြည်ချက်လမ်းစဉ် (Mission) တို့အတွက် မည်သည့်အချက်များကို အလေးအနက်ပြု တန်ဖိုးထားကာ ဆောင်ရွက်ကြမည်ကို ဖော်ပြသော အချက်များဖြစ်သည်။

### ပုံစံ/ဟန်

ပုံစံ (သို့မဟုတ်) ဟန် (Style) ဆိုသည်မှာ ထိပ်တန်းအဆင့်ရှိ ခေါင်းဆောင်များမှ ချမှတ်ကျင့်သုံးသော နည်းလမ်း ဖြစ်သည်။ တစ်နည်းအားဖြင့် ခေါင်းဆောင်များ၏ စီမံခန့်ခွဲမှုပုံစံဖြစ်သည်။ ဥပမာ တချို့သော အဖွဲ့အစည်းများအတွင်း စည်းကမ်းအလွန်တင်းထားမှုရှိသည်။ ဤကဲ့သို့ စည်းကမ်းတင်းထားမှုသည် ထိုအဖွဲ့အစည်းများ၏ ပုံစံ (သို့မဟုတ်) ဟန်ဖြစ်သည်။ ထို့ကြောင့် ပုံစံ(သို့မဟုတ်) ဟန်ဆိုသည်မှာ ဝန်ထမ်းများနှင့် တခြားပါဝင်ပတ်သက်သူများအကြား အပြန်အလှန်ဆက်သွယ်မှုမျိုးဖြစ်ပြီး ခေါင်းဆောင်များ၏ အဖွဲ့အစည်းဆိုင်ရာအလေ့အထ၊ အမူအကျင့်များဖြစ်ပါသည်။

### ဝန်ထမ်း

ဝန်ထမ်း (Staff) ဆိုသည်မှာ အဖွဲ့အစည်း၏ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည်။ ဤသည်မှာ ဝန်ထမ်းများ၏ အရည်အသွေး၊ ပညာရေးနောက်ကြောင်း၊ အသက်အရွယ် အပိုင်းအခြား၊ ကျား၊ မ ဖြစ်တည်မှုနှင့် ၎င်းတို့၏ စိတ်သဘောထားဆိုင်ရာအချက်အလက်များ စသည်တို့နှင့်သက်ဆိုင်နေသည်။ ထို့အပြင် ဝန်ထမ်းများအား အလုပ်ပြီးမြောက်စေရန် လေ့ကျင့်ပြင်ဆင်ထားပုံ၊ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများ စိတ်အားထက်သန်ရန် ဆောင်ရွက်ပေးပုံ၊ ဝန်ထမ်းများ၏ လုပ်အားပမာဏ စသည်တို့နှင့်လည်း သက်ဆိုင်နေသည်။ ထို့ကြောင့် ခေါင်းဆောင်ကောင်းတစ်ယောက်သည် မိမိဝန်ထမ်းများ၏ အားသာချက်၊ အားနည်းချက်များကိုသိရှိပြီး လုပ်ငန်းခွင်တိုးတက်လာစေရန်အတွက် ဝန်ထမ်းများအား လူမှန်၊ နေရာမှန်ဖြစ်အောင် စီမံခန့်ခွဲပြုလုပ်နိုင်ရမည်။

### ကျွမ်းကျင်မှု

အဖွဲ့အစည်း၏ အဓိကပင်မလုပ်ဆောင်ချက်များနှင့် ထူးခြားသော စွမ်းဆောင်ရည်များ ဖြစ်သည်။ ထို့ကြောင့် ကျွမ်းကျင်မှု (Skills) ဆိုသည်မှာ အဖွဲ့အစည်းအတွင်း အလုပ်ပြီးမြောက်အောင်မြင်မှု အမျိုးအစားများကို သတ်မှတ်နိုင်မှုအတွက် ဝန်ထမ်းများ၏ ပင်ကိုစွမ်းရည်များ၊ လုပ်နိုင်စွမ်းများနှင့် ဆောင်ရွက်မှုများဖြင့် ဖွဲ့စည်းထားသည်။ အဖွဲ့အစည်းအတွင်း ချမှတ်ထားသော မဟာဗျူဟာများနှင့် ကိုက်ညီသော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်မည့် စွမ်းရည်ရှိသောဝန်ထမ်းများကို ခန့်ထားရန် လိုအပ်သည်။ ထို့ကြောင့် အဖွဲ့အစည်းခေါင်းဆောင်များသည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို သိနားလည်အောင် ဦးစားပေးဆောင်ရွက်သင့်သည်။

7-S ပုံစံ၏ ကဏ္ဍ ခုနစ်ရပ်ကို အပိုင်းနှစ်ပိုင်း ခွဲခြားနိုင်သည်။ ထိုနှစ်ပိုင်းမှာ Hard Components ဟုခေါ်သော မာသောကဏ္ဍများနှင့် Soft Components ဟုခေါ်သော နူးညံ့သိမ်မွေ့သောကဏ္ဍများတို့ဖြစ်ကြသည်။ Strategy (မဟာဗျူဟာ)၊ Structure (ဖွဲ့စည်းတည်ဆောက်ပုံ) နှင့် Systems (စနစ်) တို့မှာ Hard Components ဟုခေါ်သော မာသောကဏ္ဍများတွင် ပါဝင်ကြပြီး ၎င်းတို့မှာ အလွယ်တကူထိတွေ့သိမြင်နိုင်သောကြောင့် အတိအကျ ဖော်ထုတ်ရေးပြနိုင်ကာ မှန်ကန်သော စီမံခန့်ခွဲမှုကိုအသုံးချပြီး ပြုပြင်ပြောင်းလဲလွယ်မိုးမှုပြုနိုင်သောကြောင့် မာသောအပိုင်းများဟုခေါ်သည်။ ကျန်သည့် Share values (မျှဝေတန်ဖိုး)၊ Style (ပုံစံ/ဟန်)၊ Staff (ဝန်ထမ်း) နှင့် Skills (ကျွမ်းကျင်မှု)များမှာ အတိအကျအမှန်အကန်သိရှိရန်နှင့် လွှမ်းမိုးထိန်းချုပ်နိုင်ရန်ခက်ခဲပြီး လူများ၏ စိတ်ဓာတ်၊ ဆန္ဒ၊ ဝီရိယ၊ ယုံကြည်မှု၊ စိတ်အားထက်သန်မှု၊ အပြုအမူ စရိုက်လက္ခဏာများအပေါ်တွင် မူတည်သောကြောင့် နူးညံ့သိမ်မွေ့သောအပိုင်းထဲတွင် ပါဝင်ကြသည်။

ဤသို့ဖြင့် အဖွဲ့အစည်းများတွင် ဦးဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် လုပ်ငန်းတာဝန်များဆောင်ရွက်နေကြသောသူများအတွက် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် အသုံးများသော မက်ကင်ဆီအက်စ် ခုနစ်လုံးမူဘောင် သို့မဟုတ် 7-S ပုံစံကို ရေးသားဖော်ပြလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် မောင်းသူမဲ့လေယာဉ်ပျံသန်းခြင်းဆိုင်ရာ သင်တန်းဖွင့်



**မိတ္ထီလာ မေ ၂၀**

မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့(UNFAO)တို့ ပူးပေါင်းကျင်းပသည့် မောင်းသူမဲ့လေယာဉ် (Drone) ပျံသန်းခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ယင်းတက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ဝန်ထမ်းတွေကို မောင်းသူမဲ့လေယာဉ်ပျံသန်းခြင်းဆိုင်ရာ သင်တန်းပေးတာပါ။ ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ကနေ သင်တန်းဖွင့်လှစ်နိုင်ဖို့ ပံ့ပိုးကူညီဆောင်ရွက်ပေးတာဖြစ်ပြီး မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ်သုတေသနဌာနမှ ဆရာ ဆရာမတွေက သင်တန်းပို့ချပေးတာ ဖြစ်ပါတယ်။ သင်တန်းမှာ မောင်းသူမဲ့လေယာဉ်ပျံသန်းခြင်း၊ မောင်းသူမဲ့လေယာဉ်နဲ့ ကောင်းကင်ဓာတ်ပုံရိုက်ကူးထုတ်ယူခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ မွေးမြူရေးလုပ်ငန်းများအား သဘာဝဘေးအန္တရာယ်မှ ကြိုတင်ခန့်မှန်းကာကွယ်နိုင်ရေးသင်ခန်းစာတွေကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ်သုတေသနဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာသဲမောင်မောင်က ပြောသည်။

သင်တန်းတွင် ပို့ချမည့်သင်ခန်းစာများနှင့်ပတ်သက်၍ ဒေါက်တာသဲမောင်မောင်က ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါသင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်ပြီး သင်တန်းအား မေ ၂၀ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၉ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ ပေးပို့ တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်းကျေးရွာနေ မခင်မာချို(ခ) သြဇာသီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၅-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကြက်တကောင်းကျေးရွာနေ ခင်မာချို(ခ)သြဇာသီး(၃၅)နှစ်၊ (ဘ)ဦးမြစိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ၊ WY/MY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၂၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ ကရသူရီမြို့ ဟန်ကပြုကျေးရွာနေ ထွန်းဝေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၅-၂၀၁၉ ရက်နေ့တွင် ကရသူရီမြို့ ဟန်ကပြုကျေးရွာနေ ထွန်းဝေ(၄၄)နှစ်၊ (ဘ) ဦးစန်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကရသူရီ) မယ(ပ)၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ စစ်ဘုကျေးရွာနေ ကိုအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၅-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ စစ်ဘုကျေးရွာနေ ကိုအေး(၂၄)နှစ်၊ (ဘ)ဦးအေးငြိမ်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်)မယ(ပ)၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ သံကလောင်ကျေးရွာနေ သောင်းကြည်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၅-၂၀၁၉ ရက်နေ့တွင် ကျိုက်မရောမြို့နယ်၊ သံကလောင်ကျေးရွာနေ သောင်းကြည်(၄၉)နှစ်၊ (ဘ)ဦးတွတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်သားဖြစ်သူ မွန်စိုး (၂၈)နှစ်၊ တရနာကျေးရွာနေ စိုးထက်(၂၀)နှစ်၊ (ဘ) ဦးထွန်းလှတို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျိုက္ခရော) မယ(ပ)၁၄/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ မာလာရုံလမ်းနေ အောင်မျိုး(ခ) တောပုန်းကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၅-၂၀၁၉ ရက်နေ့တွင် လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်းနေ အောင်မျိုး(ခ)တောပုန်းကြီး(၄၂)နှစ်၊ (ဘ) ဦးတင်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှိုင်)မယ(ပ)၁၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ ဝမ်လုံကျေးရွာနေ နန်းခမ်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၅-၂၀၁၉ ရက်နေ့တွင် သီပေါမြို့နယ်၊ ဝမ်လုံကျေးရွာနေ နန်းခမ်းအောင်(၂၃)နှစ်၊ (ဘ)ဦးစိုင်းဆု၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WYစာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ) မယ(ပ)၂၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၁၈-၅-၂၀၁၉ ရက်နေ့အထိ စုစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၂၇)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၂၄)ဦး၊ မ(၁၆၂)ဦး၊ ပေါင်း(၉၈၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၁၃၄.၁၅)ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၃၈၄၆၀)ပြား၊ ဆေးခြောက်(၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက် ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ဂေါ်ဆက်ယန်ကျေးရွာအနီး ဝိုင်းမော်-ကန်ပိုက်တီးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနိုင်းမြို့ မုန်ဒိန်ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ အဆင့်နိမ့်ဘိန်း(၇၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖားကန့်မြို့နယ်၊ နမ့်လန်ကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၃၁၀)ပြား၊ ဘိန်း(၂၅၀၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ နမ့်လန်ကျေးရွာအနီး မိုးညှင်း-ဝေ့ခါသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရှရော်ခကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၂၀)ပြား၊ ဘိန်းဆီခဲ (၁၃၀၀)ဂရမ်၊ ဗန်းမော်မြို့ အရှေ့သာစည်ရပ်ကွက်၊ ဂေါက်ကွင်းလမ်းသွယ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ အောင်သပြေကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၂)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ သံလွင်တံတားစစ်ဆေးရေးဂိတ်၌ သတင်းအရ Hyundai ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ Sodium Cyanide (၄၉၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ သဃ်န်းညီနောင်မြို့နယ်၊ သဃ်န်းညီနောင်ကျေးရွာအနီး အေးသုခ-ပွင့်လင်းအေးမြိုင်ကျေးရွာသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၉၆၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ နတ်မော်ရွာသစ်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာရွက်(၂၅၀၀)ဂရမ်၊ ရေးမြို့နယ်၊စုံနံ့သာကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀)ပြား၊ ICE(၁)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ လက်သာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၈)ပြား၊ ကပ္ပကောင်းကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၆၀၅၀)ပြား၊ ဘူးသီးတောင်မြို့နယ်၊ နန်းရာကုန်းကျေးရွာအနီး ပန်ဇင်းတံတားအောက်ဘက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်တွေမြို့ အုန်းတပင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅)ပြား၊ ကျောက်ဖြူမြို့ သန်ပန်ချောင်းရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၃၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကုလားပိုက်ဆိပ်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အရှေ့ပိုင်းရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၂)ပြား၊ တောင်ကုတ်မြို့နယ်၊ ကိုင်းရှည်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၄၅)ပြား၊ ရှမ်းပြည်နယ်၊ကလောမြို့နယ်၊ ရေယားကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၃၀၀၀)ဂရမ်၊ ဖယ်ခုံမြို့နယ်၊ ဘန့်ခူးကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၀၀၀)ပြား၊ လွိုင်လင်မြို့ ပြည်ထောင်စုလမ်းမကြီးပေါ်၌ သတင်းအရ Succeed ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၀၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကွန်ဟိန်းမြို့နယ်၊ နမ့်ခမ်းကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၀)ပြား၊ ဘိန်း (၆.၃)ဂရမ်၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ သိန်းဖျံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀)ပြား၊ ဘိန်း(၃၇၃၂) ဂရမ်၊ သိန္နီမြို့နယ်၊ပိန်းဟုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၇၅)ပြား၊ ဘိန်းဖြူ(၁၄၉) ဂရမ်၊ တန့်ယန်းမြို့ တန့်ယန်း-လားရှိုးသွားကားလမ်းမပေါ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့် စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၀)ပြား၊ ဘိန်း(၁၀၀၀)ဂရမ်၊ မူဆယ်မြို့နယ်၊ ခိုလုံကျေးရွာအဝင် ကွတ်ခိုင်-ကောင်းခါးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၇၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်(၁၀၅)မိုင်၊ ကုန်သွယ်ရေးဇုန် ရှောင်ကွင်းလမ်းပေါ်၌ သတင်းအရ Dong Feng (၂၂)ဘီးယာဉ်အား ရပ်တန့်စစ်ရာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပေါ်မှ Acetone (၃၄၀၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ နမ့်ခမ်းမြို့အဝင် နမ့်ခမ်း-မူဆယ်သွား ကားလမ်းမပေါ်၌ သတင်းအရ Canter (၆)ဘီးယာဉ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ Acetic Acid(solid)(၂၇၅၀၀၀၀)ဂရမ်၊ Acetic Acid(liquid)(၉၆၀)လီတာ၊ Safrole (၁၄၄၀) လီတာ၊ မော်တော်ယာဉ်(၁)စီး၊ နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ လားရှိုးမှ မန္တလေးသို့ လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၀၀၀)ပြား၊ သီပေါမြို့နယ်၊ ရေပူကြံခင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၆၁၀)ပြား၊ ဘိန်းဖြူ(၁၁.၉၆)ဂရမ်၊ ပန်ဆောက်ကျေးရွာအနီး သီပေါ-လားရှိုးသွားကားလမ်း မိုင်တိုင်(၁၃၇/၄)နှင့်(၁၃၇/၅) အကြား၌ ယာဉ်မောင်းမရှိဘဲ ရပ်တန့်ထားသည့် (၁၈)ဘီးတွဲယာဉ် နောက်တွဲပေါ်မှ စပါးခွံအိတ်များဖြင့် ဖုံးအုပ်ထားသည့် သံပီပါများအတွင်းမှ ပိုင်ရှင်မဲ့ Ethyl Ether(၁၀၂၀၀)လီတာ၊ မော်တော်ယာဉ် (၁)စီး၊ ကျိုင်းတုံမြို့နယ်၊ နောင်နွန်းကျေးရွာပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Pajero ယာဉ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ Ketamine (၈၇၃၀၀) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ တာချီလိတ်မြို့နယ်၊ ဝမ်မိုင်ကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးနှင့် ဆန်ဆိုင်း(ခ)ရပ်ကွက်၌ တရားခံအမျိုးသား(၁) ဦး၊ မိုင်းဆတ်မြို့နယ်၊ ကျောက်တုံး (အာခါ)ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြားအကြေမှုန့် (၅၀၀)ဂရမ်၊ ဘိန်းဖြူ(၃.၅)ဂရမ်၊ တာချီလိတ်မြို့နယ်၊ ဝေ့လေလန်ကျေးရွာအနီး မယ်ဆိုင်ချောင်းဘေး၌ ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ Ketamine (၆၀၀၀၀)ဂရမ်၊ ဟွေရဲကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၃၁) ပြား၊ ဘိန်း(၁၀၀)ဂရမ်၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ Ketamine (၈၃၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မယ်ခေါင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၄၄၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ထီးချိုင့်-ကျောင်းကုန်းသွားကားလမ်း မိုင်တိုင်(၂၈/၄)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ ဈေးကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၈) ပြား၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ဝဲကျွန်းမြို့သစ်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး ထံမှ စိတ်ကြွဆေးပြား(၁၅၅)ပြား၊ ကျွန်းစုမြို့နယ်၊ ဂျုံးဂျုံးကျကျေးရွာ၌ တရားခံအမျိုးသား (၃)ဦးထံမှ ဘိန်းစာမှုန့် (၅၆၀)ဂရမ်၊ တနင်္သာရီမြို့နယ်၊ ဘန်းပြည့်အရှေ့ကျေးရွာ ကူးတို့ဆိပ်၌ သာရဘွင်မှ ကျောက်လုံးကြီးသို့သွားမည့် ခရီးသည်တင်စက်လှေပေါ်မှ ခရီးသည်တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၄၂၀)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ အမှတ်(၉)ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၅၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ သာယာအေးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၁၂) ပြား၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ (အနောက်)ရပ်ကွက်၌ တရားခံအမျိုးသား(၃) ဦးထံမှ စိတ်ကြွဆေးပြား(၁၃၄၀)ပြား၊ ဘိန်းဖြူ(၀.၀၁)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းဆီခဲ(၁၉)ဂရမ်၊ Tramadol Capsule (၃၀)တောင့်၊ အောင်သာယာရပ်ကွက်၊ မန္တလေး-ပြင်ဦးလွင်သွား ကားလမ်းမပေါ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ

**စာမျက်နှာ ၈ သို့** ❖

# ၂၀၂၀ ၌ တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိ ၆၇ မဂ္ဂါဝပ်စက်ရုံ ပြောင်းရွှေ့ဓာတ်အား ထုတ်လုပ်ခြင်းသည် စီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်



**နေပြည်တော် မေ ၂၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မေ ၁၉ ရက် နံနက်ပိုင်းတွင် မင်းဘူး မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း ထောက်ရှာပင် ရေနံမြေသို့ရောက်ရှိရာ ရေနံမြေ ရှင်းလင်းဆောင်တွင် မကွေးတိုင်း ဒေသကြီးအတွင်း ရေနံမြေများရှိ အထွေထွေမန်နေဂျာများက ရေနံမြေ ဆိုင်ရာအချက်အလက်များနှင့် ရေနံ မြေများအလိုက် လုပ်ငန်းဆောင်ရွက် ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လိုအပ် သည်များ သုံးသပ်ဆွေးနွေးတင်ပြ သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး က ရေနံမြေအလိုက် ရေနံအထွက်နှုန်း ကျဆင်းနေသည့် တွင်းများအား ပြန်လည်သုံးသပ်ပြီး အထွက်နှုန်း တိုးတက်လာစေရေးအတွက် ခေတ်မီ နည်းပညာများ အသုံးပြု၍ဆောင်ရွက် သွားရန်၊ တွင်းဟောင်းထဲသို့ ရေသွင်း သောနည်းစနစ်များကို စနစ်တကျ ဆောင်ရွက်ကြရန်၊ မြေအောက် ဘူမိအနေအထားများ တိကျစွာ ခန့်မှန်းနိုင်ရေးအတွက် ပိုမိုကောင်း မွန်သော ဆိုက်စမစ်တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ် ကြောင်း နယ်မြေဒေသအစုအဖွဲ့များ ဖွဲ့စည်းပေးပြီး အစုအဖွဲ့များမှ ကုမ္ပဏီလုပ်သားများကို တွင်းတူး နည်းစနစ်များကို သင်ကြားပို့ချနိုင် ရေးစီမံချက်များရေးဆွဲ၍ အကောင် အထည်ဖော်ရန်နှင့် မိမိတို့ဝန်ကြီး ဌာနမှ ပူးပေါင်းပါဝင်ဆောင်ရွက် သွားရန် လိုအပ်ကြောင်း မှာကြား သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေး မြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ် ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန မကွေးပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိ ပြီး လာမည့် ၂၀၂၀ ပြည့်နှစ် နွေရာသီ တွင် တိုးတက်သုံးစွဲလာမည့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အချိန်မီဖြည့်ဆည်း ပေးနိုင်ရန်အတွက် မန္တလေးတိုင်း ဒေသကြီး မြင်းခြံဒေသတွင် ရွှေကမ်း လွန်သဘာဝဓာတ်ငွေ့ကို အသုံးပြု ၍ VPower Holdings (Singapore) Pte., Ltd. မှ ၁၃၃ မဂ္ဂါဝပ်ရှိသော Gas Engine မှ ၆၇မဂ္ဂါဝပ်ထုတ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို မကွေးပင်မ ဓာတ်အားခွဲရုံသို့ ကုမ္ပဏီ၏ ကုန်ကျ စရိတ်ဖြင့် ပြောင်းရွှေ့ဓာတ်အား ထုတ်နိုင်ရန် တည်ဆောက်မည့် စီမံကိန်းမြေနေရာနှင့် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ၆၇ မဂ္ဂါဝပ်စက်ရုံအား ပြောင်းရွှေ့ဓာတ်အား ထုတ်လုပ်ရန် စီမံဆောင်ရွက်ရခြင်းသည် ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို အချိန်တိုကာလအတွင်း ပြည့်မီစေ ရန် စီမံဆောင်ရွက်လျက်ရှိသည့် စီမံ ကိန်းများအနက် တစ်ခုအပါအဝင် ဖြစ်သည်။

ဆက်လက်၍ ဓာတ်အားခွဲရုံ အစည်းအဝေးခန်းမတွင် မကွေးတိုင်း ဒေသကြီးအတွင်းရှိ တိုင်း/ခရိုင်/ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားခွဲရုံမှူးတို့နှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာ-တရုတ် နယ်စပ်ဂိတ်များ လူနှင့် ယာဉ်ယယ်များ ဝင်/ထွက်မှု ကြည့်ရှု နှစ်နိုင်ငံပြည်သူများ ဝင်/ထွက် သွားလာမှုအဆင်ပြေစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်မှာကြား

**နေပြည်တော် မေ ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မေ ၁၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့သို့ ရောက်ရှိပြီး နမ့်ခမ်းမြို့နယ် နောင်တိန်း ကျေးရွာရှိ နောင်တိန်းလူဝင်မှုကြီးကြပ်ရေးကင်းစခန်း အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နောင်တိန်း ကျေးရွာအနီး မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ် အခြေအနေ၊ ရွှေလီမြစ်အား ကူးတို့ယာဉ်များဖြင့် နှစ်နိုင်ငံပြည်သူများ ဖြတ်သန်းသွားလာမှု၊ ဒေသခံ ပြည်သူများ အဆင်ပြေစွာ ကူးသန်းသွားလာနိုင်ရေး အတွက် ဌာနဆိုင်ရာအချင်းချင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နောင်တိန်း ကင်းစခန်းသည် မိမိနယ်မြေအတွင်းတွင် ရှိနေသည့် အတွက် ဝင်/ထွက်မှုများ စနစ်တကျဖြစ်စေရေး ဂရုပြု ဆောင်ရွက်ရန်၊ ရွှေလီမြစ်အတွင်း သဲထုတ်လုပ်မှုများကို မြစ်ကြောင်းပြောင်းလဲမှုနှင့် နယ်နိမိတ်သတ်မှတ်မှု မထိခိုက်စေရေးအတွက် တာဝန်ရှိသူများက အမြဲမပြတ် လေ့လာစောင့်ကြပ် ကြည့်ရှုကြရန်၊ တရားမဝင် ဝင်/ ထွက်မှုများမရှိစေရေးအတွက် ဒေသခံပြည်သူများအား အသိပညာပေးခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်ကြရန်မှာကြားပြီး နောင်တိန်းကင်းစခန်း အနီးရှိ မန်ဟောင်းကင်းစခန်း၏ လူဝင်ထွက်သွားလာမှု အခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ နမ့်ခမ်းမြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးခန်းနှင့် ကိုယ်ရေးမှတ်တမ်း များ ထိန်းသိမ်းထားရှိသည့် မှတ်တမ်းခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား မီးဘေးအန္တရာယ် နှင့် လုံခြုံမှုရှိစေရေးအတွက် သတိပြုဆောင်ရွက်ကြရေး၊ စက္ကူ၊ စာရွက်စာတမ်း ဖိုင်စနစ်မှ Digital စနစ်ဖြင့် e-ID စနစ် ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် ကြိုတင် မြော်တွေးဆောင်ရွက်ကြရေး၊ နယ်စပ်မြို့နယ်ရုံးဖြစ်သည် နှင့်အညီ ဒေသခံတိုင်းရင်းသားများအပြင် လူမျိုးပေါင်းစုံ နှင့် ဆက်စပ်ဆောင်ရွက်ရသဖြင့် ဆက်ဆံရေးပြေပြစ် ကောင်းမွန်ရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ် စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်း ဆောင်ကြရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်တင်ယာဉ်ကြီး များနှင့် ယာဉ်ငယ်များ ဝင်/ထွက်သွားလာသည့် မန်ဝိန်း စစ်ဆေးရေးစခန်းသို့ ရောက်ရှိပြီး ဌာနအလိုက် တာဝန် ရှိသူများအား လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းဆိုင်ရာ



အခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မူဆယ်မြို့ နန်းတော်ဂိတ်၌ ဝန်ထမ်းများက လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆင်ဖြူဂိတ်၌ လူနှင့် ယာဉ်ငယ်များ ဝင်/ထွက်သွားလာမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံပြည်သူများ ဝင်/ထွက်သွားလာမှု အဆင်ပြေ စေရေးအတွက် ဌာနဆိုင်ရာအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ တာဝန်ရှိသူအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံ၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ- တရုတ် နှစ်နိုင်ငံ နယ်စပ် ဟိုဆောင်ကင်းစခန်းအခြေအနေ အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက် များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၇ မှ

ယာဉ်ပေါ်ပါ ခရီးသည်တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၇၀) ပြား၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ လားရှိုးမှရန်ကုန်သို့လာ သည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၀၀)ပြား၊ မူဆယ်မှရန်ကုန်သို့ လာသည့် ခရီးသည်တင်ယာဉ်အားရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၀၀၀၀)ပြား၊ ဘိန်းဖြူ (၂၀)ဂရမ်၊ ပြင်ဦးလွင်မြို့အဝင် လားရှိုး-မန္တလေးသွားကားလမ်းမပေါ်၌ သတင်းအရ Dong Feng (၁၂)ဘီး ဆီဘောက်ဆာယာဉ်အား ရပ်တန့် စိစစ်ရာ ယာဉ်၏ဆီသိုလှောင်ကန်အတွင်း အံဝှက်ပြုလုပ်၍ သယ်ဆောင်လာ သည့် ဆာလာအိတ်များအတွင်းမှ စိတ်ကြွဆေးပြား(၈၅၁၀၀၀၀)ပြား၊ ဘိန်းဖြူ(၄၄၀၀၀) ဂရမ်၊ တရားခံအမျိုးသား(၁)ဦး၊ မော်တော်ယာဉ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်ပင်လယ်ကျေးရွာအနီး မိုးမိတ်-တွင်းငယ်သွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၅၀) ပြား၊ ICE(၂၁)ဂရမ်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇန(၂) လမ်းပေါ်၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၉)ပြား၊ ဆေးခြောက်(၈)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၀၀၀)ပြား၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃) လမ်းမပေါ်၌ သတင်းအရ Fielder ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဆေးခြောက်(၉၀၀) ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ သုံးပင်ကွင်းရပ်ကွက်၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၂)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ် ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၇၄) ပြား အားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှု ဖြစ်စဉ် (၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား(၂၅)ပြားတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြား ဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၁၂-၅-၂၀၁၉ရက်နေ့ မှ ၁၈-၅-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၂၂၈)မှုတွင် တရားခံ ကျား(၂၆၅)ဦး၊ မ(၄၀)ဦး ပေါင်း(၃၀၅)ဦးကို စိတ်ကြွဆေးပြား(၉၀၈၁၁၅၈) ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၀၀)ဂရမ်၊ ဘိန်းဖြူ(၄၄၉၀၇.၅)ဂရမ်၊ ICE(၂၄) ဂရမ်၊ ဘိန်း(၈၂၄၅.၈)ဂရမ်၊ ဘိန်းဆီခဲ (၁၃၄၉)ဂရမ်၊ အဆင့်နိမ့် ဘိန်း(၇၀)ဂရမ်၊ ဘိန်းစာမှုန့်(၅၆၀)ဂရမ်၊ ဘိန်းစာရွက်(၂၅၀၀.၃)ဂရမ်၊ ဆေးခြောက် (၃၉၈၀.၈၃) ဂရမ်၊ Tramadol Capsule(၃၀)တောင့်၊ Acetic Acid(solid)(၂၇၅၀၀၀၀)ဂရမ်၊ Acetic Acid(liquid)(၉၆၀) လီတာ၊ Safrole(၁၄၄၀)လီတာ၊ Sodium Cyanide (၄၉၀၀၀၀)ဂရမ်၊ Ketamine (၁၄၈၁၃၉)ဂရမ်၊ Acetone(၃၄၀၀)လီတာ၊ Ethyl Ether (၁၀၂၀၀)လီတာတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင် သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ခြောက်နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



**ရန်ကုန် မေ ၂၀**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ခြောက်နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ ညနေ ၅ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းရှိ Myanmar Sport Hotel ၌ ကျင်းပသည်။

**ဆက်ဆံရေးကို တိုးမြှင့်**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံသည် ယခုအခါ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးမှတစ်ဆင့် မဟာဗျူဟာမြောက် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့ကို မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းကဲ့သို့သော အသင်းများက ကူညီဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က ခြောက်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင်များက မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)သို့ အလှူငွေများပေးအပ်လှူဒါန်းရာ အသင်း(ဗဟို) နာယက ဦးတင်ဦးက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) အတွင်းရေးမှူး ဦးစိုးမြင့်ထွန်းက နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း မန္တလေး၊ လားရှိုး-မူဆယ်၊ မော်လမြိုင်၊ တောင်ကြီးအသင်းခွဲများမှ တာဝန်ရှိသူများက အသင်း၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အသင်းငွေစာရင်းရှင်းတမ်းအား တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်အေးသူက ရှင်းလင်းတင်ပြပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးမျိုးအောင်က ရှေ့လုပ်ငန်းစဉ်များအား ချမှတ်ကြေညာ၍ ဗဟိုဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့်အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) နာယကများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အပြန်အလှန်ကူညီ**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)သည် အသင်းစတင်ဖွဲ့စည်းပြီးသည်မှစ၍ လူမှုရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အစဉ်တစိုက် ဆောင်ရွက်ခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင်လည်း ကူညီပံ့ပိုးမှုများ ဆောင်ရွက်ခဲ့သည့်အပြင် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကိုလည်း အပြန်အလှန်ကူညီပေးလျက်ရှိသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်း ဖွဲ့စည်းတည်ထောင်ခြင်းအခမ်းအနား ကျင်းပ



**ရန်ကုန် မေ ၂၀**

မြန်မာ-တရုတ် ကုန်သည်ကြီးများအသင်း ဖွဲ့စည်းတည်ထောင်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနေအိမ်၌ ကျင်းပသည်။

**အနာဂတ်ကို ဖွင့်လှစ်**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က လက်ရှိအချိန်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံက ရပ်ဝန်းနှင့် လမ်းကြောင်းစီမံကိန်းကို တက်တက်ကြွကြွ အတူတကွ တည်ဆောက်လျက်ရှိပါကြောင်း၊ ယင်းသည် တရုတ်-မြန်မာ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေး လမ်းကြောင်း ဖြစ်ပါကြောင်း၊ ယင်းမူဘောင်အောက်တွင် နှစ်နိုင်ငံက တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်ရေးကို စတင်ခဲ့ပါကြောင်း၊ တရုတ်-မြန်မာ စီးပွားကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ကျယ်ပြောသည့် အနာဂတ်ကို ဖွင့်လှစ်ပေးလိုက်ပြီး နှစ်နိုင်ငံစက်မှုလက်မှုနယ်ပယ်က ပုဂ္ဂိုလ်များ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးအခွင့်အလမ်းများစွာ ထောက်ပံ့ပေးလိုက်ပါကြောင်း၊ ခေတ်ကာလသစ်တွင် မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်း ဖွဲ့စည်းတည်ထောင်ခြင်းသည် နှစ်နိုင်ငံအစိုးရနှင့် စက်မှုလက်မှုနယ်ပယ်၏ ဘုံရည်မှန်းချက်နှင့် မျှော်မှန်းချက် ဖြစ်ပါကြောင်း ပြောကြားသည်။

**နှစ်နိုင်ငံ ကုန်သွယ်မှု**

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာ-တရုတ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Liu Ying တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်း ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်အနေဖြင့် သံအမတ်ကြီး မစ္စတာဟုန်လျန်၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**ချစ်ကြည်ရင်းနှီးမှုမြှင့်တင်**

မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်းကို မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုနှင့် ရေရှည်ရင်းနှီးမြှုပ်နှံမှုတို့ကို မြှင့်တင်နိုင်ရန်နှင့် အိုင်တီနှင့်ဆက်သွယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း စသည့်ကဏ္ဍပေါင်းစုံတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ပိုမိုရင်းနှီးသည့်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို မြှင့်တင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ် လေးဦး၊ ကဏ္ဍပေါင်းစုံကိုယ်စားပြုသည့်လုပ်ငန်းရှင် ၁၂ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-လှမိုး**

## သတင်းလမ်းညွှန်

### မြန်မာ့ကျောက်မျက်ရတနာနှင့် နိုင်ငံတကာ ဈေးကွက်အခွင့်အလမ်းစကားဝိုင်း ကျင်းပမည်

**နေပြည်တော် မေ ၂၀**

Myanmar B2B Management Magazine က ကြီးမှူးကျင်းပမည့် "မြန်မာ့ကျောက်မျက်ရတနာနှင့် နိုင်ငံတကာဈေးကွက်အခွင့်အလမ်း" စကားဝိုင်းကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး (UMFCCI) မင်္ဂလာခန်းမ၌ မေ ၂၁ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စကားဝိုင်းတွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က "Think Positive, Be Positive" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာအောင်ကျော်ဝင်းနှင့် ဦးဇော်ဘိုခန့်၊ The Rich Gems မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်လုလုတို့နှင့် စီးပွားရေးဆိုင်ရာ မေးခွန်းများကို တွေ့ဆုံမေးမြန်းသွားမည်ဖြစ်သည်။

Myanmar B2B Management Magazine သည် "မြန်မာ့စီးပွားထူးချွန်သူများနှင့် တွေ့ဆုံခြင်း" နှင့် "B2B စကားဝိုင်း" အစီအစဉ်များကို လစဉ်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါအစီအစဉ်များတွင် လာရောက်လိုသူများအနေဖြင့် B2B စီးပွားရေးမဂ္ဂဇင်း Page တွင် Online Register ပြုလုပ်၍ လည်းကောင်း၊ ဖုန်းနံပါတ် ၀၉-၇၈၅၆၀၆၀၆၀ သို့ အမည်၊ ဖုန်းနံပါတ်နှင့် Email လိပ်စာများပေးပို့ပြီး Register ပြုလုပ်၍ လည်းကောင်း တက်ရောက်နိုင်ကြောင်းသိရသည်။

**မောင်မောင်မျိုး**

### အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ အနုပညာရှင်များက အကများဖြင့် ဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် မေ ၂၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ မေ ၂၅ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအကများ၊ ပဒေသာယိမ်းအကများ၊ အာဆီယံနိုင်ငံများမှ အကများနှင့်အငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်ကြည့်ရှုလေ့လာကြမည့် အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းဖြေနိုင်စေရန်အတွက် ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ပကတိအချိုးအစားကိုရယူ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စေတီပုထိုးများ၊ အထိမ်းအမှတ်အဆောက်အအုံများ၊ ရေမြေတောတောင်သဘာဝများ၊ တိုင်းရင်းသားသွေးချင်းများ၏ ရိုးရာနေအိမ်များ၊ ဓလေ့ထုံးစံဝတ်စားဆင်ယင်မှုများ၊ ရိုးရာအစားအစာများ စသည်တို့ဖြင့် စိတ်ဝင်စားဖွယ်တည်ဆောက်ပြသထားသည်။

**မောင်လူမော်**



နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မရဲစခန်းတွင် မေ ၂၀ ရက်က နယ်ထိန်းခေါင်းဆောင် ရဲအုပ်မြင့်စိုးက ဒိုးနွယ်ကွက်သစ်ဓမ္မာရုံ၌ ပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ်၊ လူသတ်မှု၊ မုဒိမ်းမှုများ လျော့နည်းကျဆင်းရေး ပညာပေးဟောပြောမှုများ ပြုလုပ်စဉ်။

အောင်ကို



## ရေရှားပါးသည့် ဒေသများအတွက် ရေတိုင်ကီ ၅၅ လုံး လှူဒါန်း

**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံအတွင်း ရေရှားပါးသည့် ဒေသများအတွက် ရေတိုင်ကီ ၅၅ လုံး လှူဒါန်းသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးသန်းလှ (တိုက်ကြီး) မိသားစုက ငွေကျပ် သိန်း ၃၃၀ တန်ဖိုးရှိ ရေတိုင်ကီ ၅၅ လုံးကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ရေတိုင်ကီ၅၅ လုံးကို ပုဂံဒေသရှိ ရေရှားပါးသည့်ကျေးရွာများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဦးသန်းလှ(တိုက်ကြီး)မိသားစုက ငွေကျပ်သိန်း ၃၃၀ တန်ဖိုးရှိ ရေတိုင်ကီ ၅၅ လုံးကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို လက်ခံစဉ်။ သတင်းစဉ်**

## မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ ပူးတွဲကော်မရှင်အစည်းအဝေးတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီးနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မေ ၂၀**

ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Teodoro L. Locsin, Jr. နှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးနှင့် တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး တက်ရောက်ရန် ယနေ့ ညနေ ၆ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီးတို့အား နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# အပေးအယူ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ နေပြည်တော်တွင် လာရောက်ရိုက်ကူး



**နေပြည်တော် မေ ၂၀**

ကိုလင်းထွန်း စီစဉ်ပြီး Life+ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ) ရိုက်ကူးသော အပေးအယူ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို မေ ၂၀ ရက်မှ ၂၅ ရက်အထိ နေပြည်တော်တွင် လာရောက်ရိုက်ကူးလျက်ရှိသည်။

**နေပြည်တော်တွင် ရိုက်ကူး**

အဆိုပါ အပေးအယူဇာတ်ကားကို ဇာတ်လမ်း ဖျာန်သခင်၊ ဇာတ်ညွှန်း မောင်မြတ်ဆွေက ရေးသားထားပြီး သရုပ်ဆောင် အလင်းရောင်၊ ထွန်းကိုကို၊ နေထက်လင်း၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ အေးမြတ်သူ၊ ရွှေသမီး၊ ကလေးသရုပ်ဆောင် နန်းထိပ်ထားနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကာ ဇာတ်ဝင်ခန်းများကို နေပြည်တော်လေဆိပ်၊ ဟိုတယ်ဇုန်နှင့် ဂျန်းရှင်းစင်တာတို့တွင် လာရောက်ရိုက်ကူးလျက်ရှိသည်။

နေပြည်တော်တွင် ရုပ်ရှင်ဇာတ်ဝင်ခန်းအချို့လာရောက်ရိုက်ကူးခြင်းနှင့် ပတ်သက်၍ ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ)က "နေပြည်တော်မှာ လာရိုက်တဲ့အခါ လွတ်လွတ်လပ်လပ်ရိုက်လို့ရတယ်။ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်ဘူး။ ရန်ကုန်မှာလည်း ရိုက်ကွင်းတွေကထပ်နေပြီ။ နောက်ထပ်အားသာချက်က နေပြည်တော်မှာ အရင်ကဟိုတယ်ဈေးတွေကြီးတယ်လို့ထင်ပေမယ့် တကယ်တမ်းလာကြည့်တော့ ဟိုတယ်စရိတ်က ပြင်ဦးလွင်နဲ့ အတူတူလောက်ပဲ။ အဲဒါကြောင့် ပြင်ဦးလွင် မသွားတော့ဘဲ ဒီလိုနေရာမှာ ရိုက်တဲ့အတွက် သွားရေးလာရေးလည်း ပိုပြီးလွယ်ကူသွားပါတယ်။ ပြင်ဦးလွင်မှာကျတော့ အရင်လိုမဟုတ်တော့ဘဲ လူနေမှုထူထပ်လာပြီး ရိုက်ကွင်းနေရာရှားပါးလာပြီဖြစ်တဲ့အတွက် နေပြည်တော်က လူရှင်းတယ်၊ အမှိုက်ရှင်းတယ်၊ လမ်းတွေလည်းလှပတယ်။ ဒါကြောင့် နေပြည်တော်မှာ ရိုက်ဖြစ်တာပါ" ဟု ပြောသည်။

**ဆက်လက်ရိုက်ကူးသွားမည်**

ယနေ့တွင် ဇာတ်ဝင်ခန်းအချို့ကို နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းမကြီးပေါ်တွင် ရိုက်ကူးလျက်ရှိပြီး မေ ၂၁ ရက်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ရိုက်ကူးမည်ဖြစ်ကာ မင်္ဂလာသီရိဟိုတယ်၊ Junction Centre နှင့် နေပြည်တော် ဟိုတယ်ဇုန်လမ်းမကြီးများပေါ်တွင်လည်း ဇာတ်ဝင်ခန်းအချို့ကို ဆက်လက်ရိုက်ကူးသွားမည်ဖြစ်သည်။

အပေးအယူဇာတ်ကားနှင့်ပတ်သက်၍ ဒါရိုက်တာ စတီးလ်က "အပေးအယူရုပ်ရှင်ဇာတ်ကားဟာ ချစ်ခြင်းမေတ္တာတရားတစ်ခုအကြောင်း ဖြစ်ပါတယ်။ အချစ်က တစ်နယ်တစ်ကျေးမှာ နေတယ်ဆိုပေမယ့် အချစ်ဆိုတဲ့အရာတစ်ခုပေါ်လာရင် ဘယ်မှာနေတယ်၊ ဘယ်လိုနေတယ်၊ ဘယ်လိုထိုင်တယ်ဆိုတာမရှိဘူး၊ ယုံကြည်မှုတစ်ခုနဲ့ ချစ်တာမျိုးပါ။ အဲဒီယုံကြည်မှုကို အလွဲသုံးစားအလုပ်ခံရတဲ့အချိန်မှာ လူတစ်ယောက်ရဲ့ ဘဝကြီးတစ်ခုလုံး ပျက်စီးသွားနိုင်တယ်ဆိုတဲ့ပုံစံမျိုး မီးမောင်းထိုးချင်တာဖြစ်ပါတယ်။ အချစ်စစ်မဟုတ်ဘဲ အခွင့်အရေးကို တလွဲအသုံးချတာနဲ့ ကောင်မလေးတစ်ယောက်ရဲ့ဘဝ ပျက်စီးသွားရတဲ့ပုံစံနဲ့ Crime Story ပုံစံဇာတ်ကားလေး ဖြစ်ပါတယ်"ဟု ပြောသည်။

**အဆင်ပြေ**

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင်ရွှေသမီးမှာ နှင်းဆီဖြူဆိုသည့် ကောင်မလေးအနေဖြင့် ပါဝင်သရုပ်ဆောင်ထားပြီး ၎င်းက နေပြည်တော်တွင် ဇာတ်ဝင်ခန်းအချို့ လာရောက်ရိုက်ကူးရသည်မှာ အေးအေးဆေးဆေးရှိပြီး ရန်ကုန်မှာကဲ့သို့ ကားကျပ်သည့်အတွက် အချိန်ပိုစောပြီး ထွက်ရခြင်းမျိုးမရှိတော့သည့်အတွက် အဆင်ပြေကြောင်း၊ နေပြည်တော်တွင် လူရှင်းပြီး ဇာတ်ကားရိုက်ရသည်မှာ လွတ်လွတ်လပ်လပ်ရှိကြောင်း၊ အဓိကအားဖြင့် သွားရေးလာရေးလွယ်ကူပြီး အခြားနယ်တွင် ထွက်ရိုက်ရသည်ထက် ကုန်ကျစရိတ်နည်းသည့်အတွက် အဆင်ပြေကြောင်း ပြောသည်။

ဇာတ်ဝင်ခန်းအချို့ကို ရန်ကုန်မြို့ရှိ ရုပ်ရှင်မြှင့်တင်ရေးစင်တာ စတူဒီယိုများတွင် တရားရုံး၊ ရဲစခန်း၊ အကျဉ်းစခန်းစသည့် ပုံစံများကို ဆက်တင်ပြုလုပ်ရိုက်ကူးခဲ့ပြီး ယခုနေပြည်တော်တွင် ဇာတ်ဝင်ခန်းအချို့ ဆက်လက်ရိုက်ကူးခြင်းဖြစ်သည်။

**သုံးကြိမ်ရှိပြီ**

ဒါရိုက်တာစတီးလ်အနေဖြင့် နေပြည်တော်တွင် ရုပ်ရှင်ဇာတ်ကားကြီးများ လာရောက်ရိုက်ကူးသည်မှာ ယခုအကြိမ်အပါအဝင် သုံးကြိမ်ရှိပြီဖြစ်ကာ ပထမဆုံး နိုင်ငံကြီးသားဇာတ်ကား၊ ဒုတိယ တိုင်စာဇာတ်ကားနှင့် ယခုတတိယမြောက်တွင် အပေးအယူရုပ်ရှင်ဇာတ်ကားကို လာရောက်ရိုက်ကူးခြင်းဖြစ်သည်။ ဆက်လက်၍ ယခုရိုက်ကူးနေသော ရုပ်ရှင်ဇာတ်ဝင်ခန်းအချို့ကို ပြင်ဦးလွင်နှင့် ဗီယက်နမ်နိုင်ငံသို့ သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - နေဝင်းထွန်း၊ ဝေသူနွယ်**
**ဓာတ်ပုံ - သီဟစည်သူ**

# မာလီနိုင်ငံနယ်ခြားစခန်းတစ်ခု၌ တိုက်ခိုက်မှုဖြစ်ပွား၊ ရဲအရာရှိနှစ်ဦးအပါအဝင် ခုနစ်ဦးသေဆုံး

**ဘာမာကို မေ ၂၀**
ဘူကီနာဖာဆိုနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် မာလီနိုင်ငံ နယ်ခြားစခန်းတစ်ခုတွင် မေ ၁၉ ရက်က တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ အရပ်သားလေးဦး၊ ရဲအရာရှိနှစ်ဦးနှင့် အကောက်ခွန်ဝန်ထမ်းတစ်ဦးတို့ သေဆုံးခဲ့ကြောင်း လုံခြုံရေးသတင်းရင်းမြစ်နှင့် မာလီအစိုးရတာဝန်ရှိသူတို့က မေ ၂၀ ရက်တွင် ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ကူရီဒေသရှိ နယ်စပ်စခန်းတွင် လက်နက်ကိုင်များက မေ ၁၉ ရက်ညပိုင်း၌ တိုက်ခိုက်မှုပြုခဲ့ကြောင်း အမည်မဖော်လိုသည့် ဒေသခံရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ လက်နက်ကိုင်များမှာ မည်သည့်အဖွဲ့အစည်းမှဖြစ်ကြောင်း ၎င်းက ပြောကြားခြင်းမရှိပေ။

ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ အကောက်ခွန်အရာရှိတစ်ဦးနှင့် အရပ်သားလေးဦးတို့သေဆုံးပြီး အရပ်သားလေးဦးထဲတွင် ဂါနာလူမျိုးနှစ်ဦးတို့ပါဝင်ကြောင်း၊ ဂါနာလူမျိုးနှစ်ဦးမှာ ကုန်တင်ယာဉ် ယာဉ်မောင်းများဖြစ်ကြောင်း လုံခြုံရေးသတင်းရင်းမြစ်တစ်ခုက အတည်ပြုပြောကြားသည်။



တိုက်ခိုက်ရေးသမားများသည် မော်တော်ဆိုင်ကယ်သုံးစီး၊ မော်တော်ယာဉ်တစ်စီးတို့ဖြင့် ရောက်ရှိလာကြောင်း၊ ၎င်းတို့က ရဲတပ်ဖွဲ့ဝင်များ၊ အကောက်ခွန်အရာရှိနှင့် ကုန်တင်ယာဉ်မောင်းများကို သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြကြောင်းနှင့် ၎င်းတို့မှာ မည်သည့်အဖွဲ့အစည်းမှဖြစ်မည်ကို လတ်တလောတွင် အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း မာလီအစိုးရတာဝန်ရှိသူက ပြောကြားသည်။

နယ်ခြားစခန်း ကူရီသည် မာလီနိုင်ငံတွင်းနှင့်ပြင်ပသို့ ကုန်ပစ္စည်းများတင်ပို့ရာ အဓိကကျသော နယ်စပ်ဖြတ်ကျော်စခန်းဖြစ်သည်။

မာလီနိုင်ငံ မြောက်ဘက်ပိုင်းသို့ ၂၀၁၂ ခုနှစ်အတွင်းက အစ္စလာမ္မစ်ဝါဒီစစ်သွေးကြွများက သိမ်းယူထားစဉ်ကတည်းကပင် မာလီနိုင်ငံတွင် လက်နက်ကိုင်တိုက်ခိုက်မှုများဖြစ်ပွားနေပြီး ပြင်သစ်တပ်ဖွဲ့များက ယင်းစစ်သွေးကြွများကို ၂၀၁၃ ခုနှစ်တွင် တိုက်ထုတ်ခဲ့သည်။

မာလီနိုင်ငံတွင်း၌ တည်ငြိမ်မှုပျက်ပြားခြင်းကို ပြန်လည်တည်ဆောက်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် မာလီအစိုးရနှင့် လက်နက်ကိုင်အုပ်စုများအကြား ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အထူးသဖြင့် ဘူကီနာဖာဆိုနှင့် အိုင်ဗရီကို့စ်နိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသော မာလီနိုင်ငံတောင်ပိုင်းဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။

လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက အကြမ်းဖက်သမားများဟု သံသယမကင်းသည့် ဂျီဟတ်ဝါဒီလေးဦးကို မာလီလုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့သည် မာလီ၊ ဘူကီနာဖာဆိုနှင့် အိုင်ဗရီကို့စ် သုံးနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် စီစဉ်နေသည်ဟု ဆိုသည်။ **အေအက်ဖ်ပီ**



# စီးပွားရေးအကျပ်အတည်း လျှော့ချရန် ကမ္ဘာတစ်ဝန်းရှိ တောင်ဆူဒန်သံရုံးတချို့ပိတ်သိမ်းမည်

**ဂျူဘား မေ ၂၀**
တောင်ဆူဒန်နိုင်ငံသည် လုပ်ငန်းလည်ပတ်စရိတ်များကို လျှော့ချရန် ကမ္ဘာတစ်ဝန်းရှိ တောင်ဆူဒန်နိုင်ငံဆိုင်ရာသံရုံးတချို့ကို ပိတ်သိမ်းမည်ဖြစ်ကြောင်း တောင်ဆူဒန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ဆင်ဟွာသတင်းတစ်ရပ်က မေ ၂၀ ရက်တွင် ဖော်ပြထားသည်။

ပိတ်သိမ်းမည့် သံရုံးအရေအတွက်ကို မဆုံးဖြတ်မီ တောင်ဆူဒန်နိုင်ငံအစိုးရအနေဖြင့် ဒူဘိုင်းရှိကောင်စစ်ဝန်ရုံးတစ်ရုံးနှင့် တောင်ဆူဒန်နိုင်ငံဆိုင်ရာ သံရုံး ၃၉ ရုံး၏ အခြေအနေကို ပြန်လည်သုံးသပ်လျက်ရှိကြောင်း တောင်ဆူဒန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာဝီယန်ကာကိုလ်အာရစ်ခ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ တောင်ဆူဒန်နိုင်ငံဆိုင်ရာသံရုံးတချို့ပိတ်သိမ်းမည့် ရည်ရွယ်ချက်မှာ ပဋိပက္ခဒဏ်ခံစားနေရသော အရှေ့အာဖရိကနိုင်ငံတွင် စီးပွားရေးအကျပ်အတည်း ဖြစ်ပေါ်နေစဉ်အတွင်း လက်ရှိဆောင်ရွက်နေသောသံတမန်ရေးဆိုင်ရာ မစ်ရှင်၏ ကုန်ကျစရိတ်များကို လျှော့ချရန် ဖြစ်သည်။

တောင်ဆူဒန်နိုင်ငံသည် ကမ္ဘာတွင် ရေနံကိုသာ အများဆုံးအမှီပြုနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းနှင့် နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းမှာ ရေနံဖြစ်ကြောင်းလည်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။ တောင်ဆူဒန်နိုင်ငံသည် ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရပြီးနောက် ငွေကြေးဖောင်းပွမှုများ မြင့်တက်နေစဉ်အတွင်း ရေနံထုတ်လုပ်မှုသည် ၂၀၁၁ ခုနှစ်တွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ၃၅၀၀၀၀ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ၁၃၀၀၀၀ အထိ ကျဆင်းခဲ့ရသည်။ ထို့ပြင် ဒေသငွေကြေးဖြစ်သည့် တောင်ဆူဒန်ပေါင်၏ တန်ဖိုးကျဆင်းခဲ့ပြီး ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းသည် သိသိသာသာတက်လာခဲ့ကာ နိုင်ငံအတွင်းရှိ နိုင်ငံသားများဘဝ အခက်အခဲများ ဖြစ်ပေါ်စေခဲ့သည်။ **ဆင်ဟွာ**

# ဘဂ္ဂဒက်မြို့မှ အစိမ်းရောင်ဇုန်အား ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ပြီးနောက် အမေရိကန်နှင့် အီရန်အကြား တင်းမာမှု မြင့်တက်

**ဘဂ္ဂဒက် မေ ၂၀**
အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ လုံခြုံရေး ထူထပ်စွာချထားသည့် အစိမ်းရောင်ဇုန်အတွင်းသို့ မေ ၁၉ ရက်က ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်ခဲ့မှု ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား တင်းမာမှုများ မြင့်တက်ခဲ့ကြောင်း ယင်းဒုံးကျည်ဖြင့် ပစ်ခတ်မှုကို လုပ်ဆောင်ခဲ့ကြောင်း မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

အီရတ်အစိုးရ အဆောက်အအုံများနှင့် အမေရိကန်သံရုံး တည်ရှိသည့် ဘဂ္ဂဒက်မြို့မှ အစိမ်းရောင်ဇုန်အတွင်းသို့ မေ ၁၉ ရက် ညပိုင်းတွင် ဒုံးကျည်တစ်စင်း ကျရောက်ခဲ့ကြောင်း အီရတ်စစ်ဘက်က ပြောကြားသည်။

ယင်းဒုံးကျည်ကျရောက်မှုကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် ကြီးမားသော ပျက်စီးမှုမရှိကြောင်း အီရတ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဒုံးကျည်ကို မည်သူက ပစ်လွှတ်ခဲ့သည်ဟု လတ်တလောတွင် မသိရှိသေးသော်လည်း အီရတ်လုံခြုံရေးတပ်ဖွဲ့များက ယင်းဒေသတွင်းရှိ တိုက်ဂရစ်မြစ် အရှေ့ဘက်ကမ်း၌ ဒုံးကျည်ပစ်လွှတ်သည့် ကိရိယာကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အီရန်က နောက်ကွယ်မှ ထောက်ခံအားပေးသည့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် အုပ်စုများက မည်သည့်တိုက်ခိုက်မှုမျိုးမဆို လုပ်ဆောင်ခဲ့ပါက အီရန်နိုင်ငံတွင်သာ တာဝန်ရှိမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံတွင်းရှိ အမေရိကန်တပ်ဖွဲ့များနှင့် အခြားလုပ်ငန်းဆိုင်ရာအဖွဲ့များကို အီရန်က တိုက်ခိုက်လာဖွယ်ရှိနေခြင်းကြောင့် အမေရိကန်အစိုးရက အီရန်နိုင်ငံတွင်းရှိ အမေရိကန်နိုင်ငံသား ဝန်ထမ်းများအား ဘေးကင်းလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရမည့် အမိန့်တစ်ရပ်ကို ယခုလအစောပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

အလားတူပင် အမေရိကန်စစ်ဘက်က လေယာဉ်တင်သင်္ဘောတစ်စင်းဦးဆောင်သည့် တိုက်ခိုက်ရေး ရေယာဉ်စုတစ်ခုနှင့် ဗုံးကြဲလေယာဉ်များကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ထားခဲ့သည်။ **အင်န်အိတ်ချ်ကေ**





# ဘရာဇီးနိုင်ငံ အရက်ဘားတစ်ခု၌ ပစ်ခတ်မှုဖြစ်ပွား၊ ဘားဆိုင်ပိုင်ရှင်အပါအဝင် ၁၁ ဦးသေဆုံး

**ရီယိုဒီဂျနေရိုး မေ ၂၀**
ဘရာဇီးနိုင်ငံမြောက်ပိုင်း ပါရာပြည်နယ်အတွင်းရှိ အရက်ဘားတစ်ခု၌ မေ ၁၉ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ အနည်းဆုံးလူ ၁၁ ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဘယ်လမ်မြို့ရှိ အရက်ဘားတစ်ခုသို့ မေ ၁၉ ရက် မွန်းလွဲပိုင်းတွင် သေနတ်သမား ခုနစ်ဦးရောက်ရှိလာပြီး စတင်ပစ်ခတ်ခဲ့ကြောင်း၊ ယင်းပစ်ခတ်မှုကြောင့် ဘားပိုင်ရှင်အပါအဝင် အမျိုးသမီးခြောက်ဦးနှင့် အမျိုးသားငါးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် အခြားလူတစ်ဦးမှာလည်း ဒဏ်ရာရခဲ့ပြီး ၎င်းအားရဲအစောင့်အရှောက်ဖြင့် ဆေးရုံသို့ပို့ဆောင်ထားရကြောင်း သိရသည်။ ပစ်ခတ်မှုနှင့်ပတ်သက်၍ မြို့တော်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်နေပြီဖြစ်သော်လည်း ပစ်ခတ်မှုဖြစ်စဉ် အကြောင်းအရာကို ရှင်းရှင်းလင်းလင်း မသိရှိရသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံစီမံကိန်းကို ကာကွယ်စောင့်ရှောက်ရန် တပ်မတစ်ခု ထပ်မံဖြန့်ကြက်မည်

**အစ္စလာမ္မာဘတ် မေ ၂၀**

တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ (CPEC) စီမံကိန်းကို ကာကွယ်စောင့်ရှောက်ရန် နောက်ထပ် တပ်မအရွယ်အစားရှိ အထူးတပ်ဖွဲ့တစ်ခုဖြန့်ကြက်ရန် ပါကစ္စတန်တပ်မတော်က စီစဉ်နေကြောင်း ပါကစ္စတန်တပ်မတော် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အဆက်ဖ်ဂါဖိုးက တရုတ်သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံတန်ဖိုးရှိ အဆိုပါစီမံကိန်းကို ကာကွယ်စောင့်ရှောက်ရန် တပ်မတစ်ခုကို ဖြန့်ကြက်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက တရုတ်မီဒီယာများသို့ ပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံ ကြုံတွေ့နေရသော အကြမ်းဖက်ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ ပြောကြားရာတွင် ဘလူချီစတန်ပြည်နယ်၌ လုံခြုံရေးအခြေအနေမှာ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ (CPEC) စီမံကိန်း စတင်ဆောင်ရွက်ပြီး နောက်ပိုင်း တိုးတက်ကောင်းမွန်လာခဲ့ကြောင်း ၎င်းက ဆိုသည်။

ပြီးခဲ့သော မတ်လအတွင်း အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ပါကစ္စတန်နယ်စပ်မှ ကီလိုမီတာ ၉၀ ခန့်အကွာရှိ ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်သို့ တရုတ်နိုင်ငံက တပ်ဖွဲ့တစ်ဖွဲ့ဖြန့်ကြက်ခဲ့သည်။ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ (CPEC) မှာ ပါကစ္စတန်နိုင်ငံတွင် တည်ဆောက်လျက်ရှိသည့် အခြေခံအဆောက်အအုံ စီမံကိန်းဖြစ်သည်။ မူလက အဆိုပါအခြေခံအဆောက်အအုံမှာ အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံ ကုန်ကျမည်ဟု တွက်ချက်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှစတင်ကာ အမေရိကန်ဒေါ်လာ ၆၂ ဘီလီယံ ကုန်ကျမည်ဟု ခန့်မှန်းခဲ့ကြသည်။

လွန်ခဲ့သောငါးနှစ်က စတင်ခဲ့သည့်ယင်းစီမံကိန်းတွင် ပထမအဆင့်၌ စီမံကိန်း ၂၂ ခုပါဝင်ခဲ့ပြီး ဒေသခံများအတွက် ထောင်နှင့်ချီသော အလုပ်အကိုင်နေရာများ ဖန်တီးပေးခဲ့ကာ အိမ်ထောင်စု ၈ ဒသမ ၆ သန်းသို့ လျှပ်စစ်မီးပေးနိုင်ခဲ့ကြောင်း ဒေသန္တရမီဒီယာများ၏ ဖော်ပြချက်အရသိရသည်။

**ကိုးကား-Sputnik**

**ဘာသာပြန်- ကျော်ထိုက်စိုး**



# အက်စ်-၅၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ် ပူးတွဲထုတ်လုပ်ရန် တူရကီနှင့်ရုရှား ဆွေးနွေးမည်

**အန်ကာရာ မေ ၂၀**

တူရကီနိုင်ငံသို့ အက်စ်-၄၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ် ပေးပို့ပြီးလျှင် တူရကီနှင့် ရုရှားတို့သည် အက်စ်-၅၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ် ပူးတွဲထုတ်လုပ်ရေးကို ဆွေးနွေးမည်ဟု တူရကီသမ္မတ ရီစက်တေယက်အာဒိုဂန်က ပြောကြားခဲ့သည်ဟု ဒေသန္တရမီဒီယာများက ဖော်ပြခဲ့သည်။



တူရကီ သမ္မတ ရီစက်တေယက်အာဒိုဂန်

အက်စ်-၄၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ်နဲ့ဆိုင်တဲ့ သဘောတူညီချက်က ပြီးစီးသွားလို့ ပေးပို့မှုတွေကိုတော့ ဇူလိုင်လအစောပိုင်းမှာ စတင်မှာဖြစ်ပါတယ်။ ပြီးရင်တော့ အက်စ်-၅၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ် ပူးတွဲထုတ်လုပ်မှုနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဆွေးနွေးမှာဖြစ်ပါတယ်''ဟု မေ ၁၈ ရက် နှောင်းပိုင်းက အစ္စတန်ဘူလ်မြို့တော်တွင် ကျင်းပသည့် အခမ်းအနားတစ်ခု၌ တူရကီသမ္မတအာဒိုဂန်က ပြောကြားခဲ့သည်။ အက်စ် -၄၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်သည့် သဘောတူညီချက်တစ်ရပ် ဖြစ်ကြောင်း အနာဒိုလူသတင်းဌာနက သမ္မတအာဒိုဂန်အား ကိုးကား၍ ဖော်ပြခဲ့သည်။

"အနေးနဲ့အမြန်ဆိုသလို အက်ဖ်-၃၅ တိုက်လေယာဉ်တွေ ကျွန်တော်တို့ရရှိမှာဖြစ်ပြီး အက်စ်-၄၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ်လည်း ကျွန်တော်တို့နိုင်ငံကို ရောက်ရှိလာမှာဖြစ်ပါတယ်''ဟု ၎င်းက ဆိုသည်။ တူရကီနိုင်ငံ၏ အက်စ်-၄၀၀ သဘောတူညီချက်မှာ အရေးယူမှုများ အပါအဝင် တူရကီနိုင်ငံကို အကြိမ်ပေါင်းများစွာ သတိပေးခဲ့သည့် အမေရိကန်ပြည်ထောင်စုနှင့် တင်းမာနေသော ဆက်ဆံရေးကို ပိုမိုဆိုးရွားစေခဲ့သည်။ တူရကီနိုင်ငံက အက်စ်-၄၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ် ဝယ်ယူမှုကို ဆက်လက်ပြုလုပ်ပါက အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များပေးပို့မှုကို ရပ်ဆိုင်းမည်ဟု အမေရိကန်ပြည်ထောင်စုက ခြိမ်းခြောက်သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း အက်စ်-၄၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ် ပေးပို့ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရုရှားနှင့် တူရကီတို့က လက်မှတ်ရေးထိုးခဲ့သည်။ နေတိုးအဖွဲ့နှင့် အမေရိကန်ပြည်ထောင်စုတို့က လုံခြုံရေးအရ စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး အက်စ်-၄၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ်မှာ နေတိုးအဖွဲ့၏ လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် သဟဇာတမဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# အကြမ်းဖက်မှု အမြစ်ပြတ်ချေမှုန်းရန် ကမ္ဘာ့နိုင်ငံများအား သီရိလင်္ကာ တိုက်တွန်း

**ကိုလံဘို မေ ၂၀**

နိုင်ငံတကာအကြမ်းဖက်ခြိမ်းခြောက်မှုများအား ကိုင်တွယ်ဖြေရှင်းရေးအတွက် လက်ချင်းဆက်ပြီး သတင်းအချက်အလက်များ ဖလှယ်ကြရန် သီရိလင်္ကာသမ္မတ မိုင်သရီပါလာဆီရီဆယ်နာက ကမ္ဘာ့နိုင်ငံများကို တိုက်တွန်းနှိုးဆော်လိုက်ကြောင်း ဒေသဆိုင်ရာမီဒီယာက မေ ၂၀ ရက်တွင် ဖော်ပြထားသည်။

**တိုက်တွန်းခဲ့**

သီရိလင်္ကာသမ္မတသည် ပြီးခဲ့သည့်လက နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီး လူ ၂၅၀ ကျော် အသက်ဆုံးရှုံးမှုနှင့် ကြုံတွေ့ခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံများကို ယခုကဲ့သို့ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

မေ ၁၉ ရက် ညနေပိုင်းက မြို့တော်ကိုလံဘို၏ ဆင်ခြေဖုံး ဘတ်တာရာမူလာအရပ်တွင် ကျင်းပသော ၁၀ နှစ်မြောက် စစ်ပွဲသူရဲကောင်းများ အထိမ်းအမှတ် အခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် သမ္မတဆီရီဆယ်နာက သီရိလင်္ကာနိုင်ငံအတွင်း လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသော ခြိမ်းခြောက်မှုများသည် ပြည်တွင်းခြိမ်းခြောက်မှုမဟုတ်ဘဲ အမြစ်ပြတ်ချေမှုန်းရန် လိုအပ်သော နိုင်ငံတကာ ခြိမ်းခြောက်မှုများပင်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အကြမ်းဖက်မှုဆိုင်ရာ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၏ပြောဆိုချက်အရ ကမ္ဘာ့နိုင်ငံများက မည်သည့်ခေတ်မီနည်းပညာအားလုံးကို တပ်ဆင်ထားသည့်တိုင်အောင် အကြမ်းဖက်မှုဖြစ်ပွားမည့် အချိန်နှင့် နေရာများကို မည်သူမျှ ကြိုတင်ခန့်မှန်း၍ မရကြောင်း၊ ပြင်သစ်နိုင်ငံရှိ မီးလောင်မှုအပါအဝင် ဧပြီလကတည်းက ကမ္ဘာတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့ခြိမ်းခြောက်နေသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို နှိမ်နင်းရန် ကမ္ဘာ့နိုင်ငံများအနေဖြင့် လက်ချင်းဆက်ပြီး ကြိုးပမ်းလုပ်ဆောင်ရန် လိုအပ်ကြောင်း သီရိလင်္ကာသမ္မတက ထပ်လောင်းပြောကြားသည်။

**ယုံကြည်**

စင်စစ်အားဖြင့် သီရိလင်္ကာအစိုးရသည် နှစ်ပေါင်း ၃၀ ကြာ စစ်ပွဲအတွေ့အကြုံကို ရရှိခဲ့ပြီးဖြစ်ရာ သီရိလင်္ကာအစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့သည် လက်ရှိကြုံတွေ့နေရသော ယင်းအကြမ်းဖက်ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိမည်ဖြစ်သလို အမြစ်ပြတ်ချေမှုန်းနိုင်စွမ်းလည်းရှိမည်ဟု မိမိယုံကြည်ကြောင်း သီရိလင်္ကာသမ္မတက ဆက်လက်ပြောကြားသည်။

သီရိလင်္ကာအစိုးရသည် နှစ်ပေါင်း ၃၀ ကြာ ပြည်တွင်းစစ်ကာလက အသက်စွန့်ခဲ့သည့် စစ်သည်တော်များနှင့် အရပ်ဘက်ပြည်သူများအား သတိရဂုဏ်ပြုသည့်အနေဖြင့် စစ်ပွဲအထိမ်းအမှတ် အခမ်းအနားတစ်ရပ်ကို မေ ၁၉ ရက် ညနေပိုင်းက ကိုလံဘိုမြို့၏ ဆင်ခြေဖုံးအရပ်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ နှစ်ပေါင်း ၃၀ ကြာ သီရိလင်္ကာအစိုးရနှင့် တမီးလ်ပြောက်ကျားသူပုန်များအကြား ပြည်တွင်း စစ်ပွဲသည် ၂၀၀၉ ခုနှစ်တွင် အဆုံးသတ်ခဲ့သည်။

သီရိလင်္ကာအစိုးရသည် ပြည်တွင်း စစ်ပွဲကာလအတွင်း ကျဆုံးခဲ့သော ၎င်း၏စစ်သည်တော်များအား သတိရအောက်မေ့သည့်အနေဖြင့် နိုင်ငံတစ်ဝန်းတွင် ဆီမီးများထွန်းညှိပြီး ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**

# တာဂျီကစ္စတန် အကျဉ်းထောင်ဆူပူမှု လူ ၃၂ ဦး သေဆုံး

**ဒူရှန်ဘီ မေ ၂၀**

တာဂျီကစ္စတန်နိုင်ငံ၏ မြို့တော် ဒူရှန်ဘီမြို့၏အရှေ့ဘက်ရှိ လုံခြုံရေးတင်းကျပ်ထားသည့် အကျဉ်းထောင်တစ်ခု၌ ဆူပူအုံကြွမှုဖြစ်ပွားခဲ့ရာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင် ၂၄ ဦးနှင့် အကျဉ်းထောင် အစောင့်သုံးဦး အပါအဝင် လူ ၃၂ ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက မေ ၂၀ တွင် ပြောကြားသည်။

မေ ၁၉ ရက်ညနေပိုင်းက ဖြစ်ပွားခဲ့သည့် အဆိုပါဆူပူအုံကြွမှုတွင် အိုင်အက်စ်အကျဉ်းသားများက အကျဉ်းသားငါးဦးနှင့် အကျဉ်းထောင်အစောင့် သုံးဦးတို့ကို သတ်ဖြတ်ခဲ့ကြောင်း တရားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

မြို့တော်ဒူရှန်ဘီမှ အရှေ့ဘက် ၁၇ ကီလိုမီတာခန့်အကွာတွင် တည်ရှိသော အဆိုပါအကျဉ်းထောင်သည် အကျဉ်းသား ၁၅၀၀ ခန့် ထိန်းသိမ်းထားရာနေရာဖြစ်ပြီး အကျဉ်းသားများက အကျဉ်းထောင်အစောင့်သုံးဦးကို ဓားဖြင့် ထိုးသတ်ခဲ့ပြီး အခြားအကျဉ်းသား ငါးဦးက အခြားလူများကို အကြောင်းကြားရန် ခြိမ်းခြောက်ခဲ့ပြီးနောက် အဆိုပါအကျဉ်းသားများကို ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး အကျဉ်းထောင်၏ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ထို့နောက် လုံခြုံရေးရဲတပ်ဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အိုင်အက်စ်အဖွဲ့ဝင် ၂၄ ဦး သေဆုံးကာ ကျန် ၃၅ ဦးမှာ အဖမ်းခံခဲ့ရကြောင်း၊ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခံရသူများလည်း ပြန်လည်လွတ်မြောက်လာခဲ့ပြီး အကျဉ်းထောင်ဆူပူမှုမှာ ပြန်လည်ငြိမ်သက်သွားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အကျဉ်းထောင်ဆူပူမှု၌ ခေါင်းဆောင်အဖြစ် ပါဝင်သူများထဲတွင် ယခင်တာဂျီကစ္စတန်ရဲတပ်ဖွဲ့ အကြီးအကဲ၏ သားဖြစ်သူ အသက် ၂၀ အရွယ်တစ်ဦးလည်း ပါဝင်သည်ဟု တာဂျီကစ္စတန်အာဏာပိုင်များက ပြောကြားသည်။ ယခင်က တာဂျီကစ္စတန်ရဲတပ်ဖွဲ့၏ အကြီးအကဲတစ်ဦးဖြစ်သည့် အဆိုပါပုဂ္ဂိုလ်သည် အိုင်အက်စ်အဖွဲ့သို့ ကူးပြောင်းသွားပြီး ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွအုပ်စုထဲတွင် ခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ကာ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ဆီးရီးယားနိုင်ငံ၌ အသတ်ခံခဲ့ရကြောင်း သိရသည်။

တာဂျီကစ္စတန်နိုင်ငံတွင် ၂၀၁၈ ခုနှစ်က နိုင်ငံ၏အရှေ့မြောက်ဘက်ရှိ ပြည်သူ ၇၀၀၀၀၀ ခန့် နေထိုင်ရာ ခူဂျန့်မြို့၌ အလားတူ အကျဉ်းထောင်ဆူပူမှုဖြစ်ပွားခဲ့ရာ လူ ၂၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

လူဦးရေ ၈ ဒသမ ၅ သန်းခန့် နေထိုင်ရာ တာဂျီကစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်ပြီး လွတ်လပ်ရေး ရရှိခဲ့ချိန်ကတည်းက ပဋိပက္ခမျိုးစုံကို ခံခဲ့ရသည်။ တာဂျီကစ္စတန်နိုင်ငံသည် ၁၉၉၁ ခုနှစ်က ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ပြီးနောက် လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည်။

အဆင့်မြင့်ရဲအရာရှိကြီးများအပါအဝင် တာဂျီကစ္စတန်လူမျိုး ၁၀၀၀ ကျော်သည် မကြာသေးမီနှစ်များက ဆီးရီးယားနှင့် အီရတ်နိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွအုပ်စုနှင့် ပူးပေါင်းခဲ့ကြောင်း တာဂျီကစ္စတန်အာဏာပိုင်များက ပြောကြားသည်။

**အေအက်ဖ်ပီ၊ ဘာသာပြန်-ဂျေတီဘွေကြီး**

# ဖူးကြီးရေလှောင်ကန်အနီး မလေးရှားပိတောက်စိုက်ခင်းအတွင်းမှ အမျိုးသမီး အလောင်းတွေ့ရှိမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၀**

မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာ ဖူးကြီးရေလှောင်ကန်အနီး မလေးရှားပိတောက်စိုက်ခင်းအတွင်း မေ ၂ ရက်က အမည်မသိအမျိုးသမီးအလောင်းတစ်လောင်း တွေ့ရှိကြောင်းသတင်းအရ မြောင်းတကာရဲကင်းစခန်းမှူး ရဲအုပ်စန်းအောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ အသက် ၅၅ နှစ်ခန့် အမည်မသိအမျိုးသမီး၏ ယာနားနောက်ထိုးသွင်းဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ သေဆုံးသူမှာ ဒေါ်စန်းစန်းနွဲ့(ခ)ဒေါ်တူးဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်နိုင်ရေးအတွက် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးက အနီးကပ်ကြီးကြပ်၍ အထူးအမှုစစ်အဖွဲ့ဖွဲ့စည်းပြီး အထူးအမှုစစ်အဖွဲ့နှင့် မှုခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စုံစမ်းမေးမြန်းဆောင်ရွက်ခဲ့ရာ အခင်းဖြစ်နေ့က သေဆုံးသူ ဒေါ်စန်းစန်းနွဲ့(ခ)ဒေါ်တူးအား မော်ဘီမြို့၌ မိုးဟိန်း၏ ဆိုင်ကယ်နှင့်အတူ နောက်ဆုံးတွေ့ရှိခဲ့ကြောင်း၊ ဒေါ်စန်းစန်းနွဲ့ (ခ) ဒေါ်တူး၏ မတ်တော်သူ ကျင်ရွှေက ဒေါ်စန်းစန်းနွဲ့(ခ) ဒေါ်တူးကို သတ်ပေးရန် မိုးဟိန်းအား ပြောဆိုခဲ့ဖူးကြောင်း သိရသည်။



မိုးဟိန်း၊ ကျင်ရွှေ(ခ)ချာတိတ်၊ ရဲလင်းနှင့် ထွန်းနိုင်(ခ)စောထွန်းနိုင်တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

သတင်းအရ မသင်္ကာသူများဖြစ်သည့် မိုးဟိန်းနှင့် ကျင်ရွှေ(ခ)ချာတိတ်တို့ကို မေ ၁၅ ရက်တွင် ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း၊ မိုးဟိန်းက ဒေါ်စန်းစန်းနွဲ့ (ခ) ဒေါ်တူးအား မှော်ဘီမြို့မှ ဆိုင်ကယ်ဖြင့် အခင်းဖြစ်နေရာသို့ ခေါ်ဆောင်ခဲ့ကြောင်း၊ ရဲလင်းနှင့် ထွန်းနိုင်တို့က ဆိုင်ကယ်ဖြင့် နောက်မှလိုက်လာပြီး ရဲလင်းက အသင့်ပါလာသည့် သံချွန်တပ်ထားသော သံတုတ်ဖြင့် နှစ်ချက်ရိုက်၍ ဒေါ်စန်းစန်းနွဲ့(ခ)ဒေါ်တူး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ရဲလင်းနှင့် ထွန်းနိုင်(ခ)စောထွန်းနိုင်တို့အား မေ ၁၇ ရက်တွင် ၎င်းတို့နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ မိုးဟိန်းပါ လေးဦး၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်း ဆိုင်ကယ်၊ သံတုတ်တို့အား သိမ်းဆည်းပြီး အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## တည်ပင်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**မြိုင် မေ ၂၀**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်ဆောက်အုပ်စု တည်ပင်ကျေးရွာတွင် မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တည်ပင်ကျေးရွာနေ ဦးခင်လှိုင်၏ နေအိမ်မီးဖိုချောင် ပေါ့ဆမီးမှ စတင်လောင်ကျွမ်းခဲ့ရာ နွားစာတိုက်နှစ်လုံးနှင့်ဆီဆုံတဲ တစ်လုံးတို့ မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ဦးခင်လှိုင်အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးမွန်ကျော်**

သင့်ကြောင့် မီးမလောင်ပါစေနှင့်

# မိုးညှင်းနှင့် မောင်တောမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ရဲမင်းသိန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၂၀**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် ညနေပိုင်းက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်လန်ကျေးရွာအဝင် မိုးညှင်း-ဝေ့ခါသွားကားလမ်းတွင် ရဲမင်းသိန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းတည့် ၁၂ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် နယ်မြေ(၃) ကျီးကျွန်းကင်းစခန်းအနီးတွင် ဆွေယုဟူဆိန်းနှင့် ဆွေတာလောင်တို့ နှစ်ဦးကိုတွေ့ရှိ၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ပိန်းဇလုပ်မြို့တွင် လမ်းကြိတ်စက်ပိ၍ လူတစ်ဦးသေဆုံး

**ညောင်လေးပင် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ မြို့မ(၁)ရပ်ကွက် ပိန်းဇလုပ်တိုက်နယ်ဆေးရုံရှေ့တွင် မေ ၂၀ ရက် မွန်းတည့် ၁၂ နာရီခန့်က လမ်းကြိတ်စက်လမ်းဘေးထိုးကျကာ မောင်းနှင်သူမှာ လမ်းကြိတ်စက်ပိ၍ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးကြည်လွင် (၅၈) နှစ် ပိန်းဇလုပ်မြို့နေသူ မောင်းနှင်သော ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သုံးဘီးလမ်းကြိတ်စက်ယာဉ်သည် လုပ်ငန်းခွင်ရပ်နားရန် ခေါင်းပြန်လှည့် လွန်းထိုးနောက်ဆုတ်စဉ် လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျသွားရာ ယာဉ်မောင်း ဦးကြည်လွင်မှာ လမ်းကြိတ်စက်နောက်သံဘီးယာဘက်ခြမ်း အောက်တွင်ပိသွားခဲ့သဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် မေ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၆၆ စီး၊ သွင်းကုန် ၂၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆ စီး၊ သွင်းကုန် ၁၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၈ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၅၈ သန်း) စုစုပေါင်းတားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၈ သန်း) တန်ဖိုးရှိ စားသောက်ကုန်များနှင့် Bolt & Nut များကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






## ညောင်ဦးမြို့နယ်၌ မင်းရဲကျော်စွာကုမ္ပဏီပိုင် ရေနံမြေအတွင်း မီးလောင်မှုဖြစ်ပွား

**ညောင်ဦး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တက်မကျေးရွာတောင်ဘက် နှစ်ဖာလုံခန့်အကွာ မင်းရဲကျော်စွာ ရေနံတူးဖော်ရေးကုမ္ပဏီပိုင် ရေနံမြေတွင် မီးလောင်ဖြစ်ပွားကြောင်း ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် နံနက်အစောပိုင်းက ညောင်ဦးမြို့နယ် တက်မကျေးရွာတောင်ဘက် နှစ်ဖာလုံခန့်အကွာ မင်းရဲကျော်စွာ ရေနံတူးဖော်ရေးကုမ္ပဏီပိုင် ရေနံမြေအတွင်းရှိ ဦးဝင်းမြင့် ပိုင်ဆိုင်သော ရေနံတွင်းမှ ရေနံခပ်ယူစဉ် အင်ဂျင်မီးစက် အိတ်ဇောပေါက်မှ မီးဟပ်မှုဖြစ်ပွားကာ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ စဥ့်ကူနယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး ၊ တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရေနံတူးဖော်ရေးလုပ်သားများ၊ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ဦးဝင်းမြင့်ပိုင်ဆိုင်သော ရေနံစိမ်းဆီ ပီပါနှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ဦးဝင်းမြင့်အား အရေးယူဆောင်ရွက်ထားကြောင်း သိသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ခရီးသည်တင်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးအုတ်ခုံတိုက်မိ၊ ယာဉ်မောင်းသေဆုံး

**မော်လူး မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းပိုင်နယ်မြေ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မေ ၂၀ ရက် နံနက် ၅ နာရီခွဲက စင်းလုံးငှား ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးအုတ်ခုံကို တိုက်မိသဖြင့် ယာဉ်မောင်းသေဆုံးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မေ ၂၀ ရက် နံနက် ၅ နာရီခွဲခန့်က ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်း မိုင်တိုင် (၂၆၂ ဒသမ ၅)နှင့်(၂၆၅)ကီလိုမီတာ အကြား အင်းတော်မြို့နယ်အတွင်းရှိ ဖားပန့်ကျေးရွာနှင့် စီပိန်းကျေးရွာကြားတွင် မန္တလေးမှ ဖားကန့်သို့ တိုးတက်အောင် တောဝေးရွာ ဘုတလင်မြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဝင်းဆွေဦး၊ မင်းခန့်သော်တို့ လိုက်ပါလာသည့် GG/---- NISSAN ယာဉ်မှာ ကားလမ်းဝဲဘက်အခြမ်း လမ်းဘေးရေမြောင်း အုတ်ခုံကို ဝင်တိုက်မိသဖြင့် ယာဉ်မောင်း တိုးတက်အောင်၊ ဝင်းဆွေဦးနှင့် မင်းခန့်သော်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ၎င်းတို့ သုံးဦးအား မော်လူးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ပြီး ထိုမှတစ်ဆင့် မိုးညှင်းဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရာ ယာဉ်မောင်းတိုးတက်အောင်မှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မော်လူးနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဝ၆၃**

# နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)ရဲ့ မြန်မာ့စီးပွားရေးသုံးသပ်ချက်

ခင်မောင်ညို (ဘောဂဗေဒ)

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)က ဒီနှစ် မတ်လ ၁၅ ရက်နေ့မှာ မြန်မာနိုင်ငံကိုလာရောက်တဲ့ ခရီးစဉ်ပြီးဆုံးပြီး ဧပြီလ ၁၂ ရက်နေ့မှာ သတင်းထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဦးမော့လာခဲ့ပေမယ့် အရှိန်လျော့လာပုံရတယ်လို့ တွက်ဆထားတယ်။ စိုက်ပျိုးရေးပြန်လည်ဦးမော့ပြီး ပို့ကုန်အခြေအနေလည်း ကောင်းလာခဲ့တယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ဘတ်ဂျက်လိုငွေဟာ ဂျီဒီပီရဲ့ ၂ ဒသမ ၇ ရာခိုင်နှုန်းအထိ ရောက်ခဲ့ပေမယ့် ဘတ်ဂျက်လိုငွေကို ဗဟိုဘဏ်က ဖြည့်ဆည်းပေးမှုဟာ ဆက်လက်ကျဆင်းလျက်ရှိပါတယ်။

စားသုံးသူ ဈေးဆနှုန်းကိန်းအပေါ် အခြေခံပြီး တွက်ထားတဲ့ ငွေဖောင်းပွမှုနှုန်းဟာ ပျမ်းမျှလေးရာခိုင်နှုန်းလောက်အထိ ကျဆင်းသွားပေမယ့် လောင်စာဈေးတက်ပြီး မြန်မာငွေတန်ဖိုးကျဆင်းသွားတဲ့အတွက် ပြန်တက်နေတာကို တွေ့ရပါတယ်။ ပြည်ပငွေပေးငွေယူ ရှင်းတမ်း သာမန်စာရင်းလိုငွေဟာ ဂျီဒီပီရဲ့ ငါးရာခိုင်နှုန်းနီးနီးအထိ နည်းနည်းတက်လာခဲ့ပါတယ်။ အဲဒီလိုငွေကို အများအားဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အားကောင်းကောင်းနဲ့ ဝင်လာတာက ဖြည့်ဆည်းပေးခဲ့လို့ နိုင်ငံတကာသီးသန့်ရန်ပုံငွေဟာ သွင်းကုန်သုံးလစာဝန်းကျင်မှာပဲ ရှိနေခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအတွင်း ကြားကာလဘတ်ဂျက်နဲ့ ပတ်သက်လို့ စောစောရတဲ့ ကိန်းဂဏန်းတွေအရ ကမ္ဘာ့ဝယ်လိုအား နှေးကွေးနေခြင်း၊ ရင်းနှီးမြှုပ်နှံသူတွေရဲ့ယုံကြည်စိတ်ချမှုလျော့ပါးခြင်း၊ အစိုးရရဲ့သုံးစွဲမှုလျော့ကျလာခြင်းတို့ကြောင့် တိုးတက်မှုနှုန်းနှေးသွားကြောင်း ညွှန်ပြနေတာ တွေ့ရတယ်လို့ ဆိုပါတယ်။

နှစ်လတ်ကာလ နိုင်ငံအဆင့်စီးပွားရေးအလားအလာတွေက ကောင်းနေဆဲပါ။ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ အကျပ်အတည်းကြောင့်ရယ်၊ မူလခန့်မှန်းထားတာထက် နည်းနည်းနှေးသွားနိုင်တာရယ်ရှိပေမယ့် အရှိန်ပြန်ရလာနိုင်ပါတယ်။ အရင်းအနှီးအသုံးစရိတ်မြင့်လာပြီး စီးပွားရေးကို အနည်းငယ်လှုံ့ဆော်လာနိုင်စရာ အတန်အသင့်ရှိတဲ့အတွက် ဘဏ္ဍာရေးနှစ်သစ်မှာ လိုငွေတိုးလာနိုင်ပါတယ်။ နိုင်ငံတကာရေနံဈေးနှုန်းတွေကျပြီး မကြာမီကာလတွေမှာ ငွေဖောင်းပွမှုနှုန်း ဖြည်းဖြည်းချင်းကျလာရင်တော့ စားသုံးသူတွေ ပိုပြီးသုံးနိုင်လာကြမှာပါ။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈-၂၀၃၀ မှာပါတဲ့ ဒုတိယလှိုင်းပြုပြင်ပြောင်းလဲမှုတွေကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရင်တော့ စီးပွားရေးဦးမော့ပြီး ထောင်စုနှစ်ရည်မှန်းချက်တွေကို ရနိုင်မှာဖြစ်ပါတယ်။

နှစ်ရှည်လများဖြစ်ပေါ်နေတဲ့ အကျပ်အတည်းတွေရယ်၊ ကုန်သွယ်မှုအထူးအခွင့်အရေး ရုပ်သိမ်းခံရမယ့်အလားအလာတွေရယ်၊ အလျှုရှင်နိုင်ငံတွေက အတိုးနှုန်းသက်သက်သာသာနဲ့ ထုတ်ချေးမယ့်ငွေတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လျော့ကျလာနိုင်တာရယ်တွေကြောင့် စီးပွားရေးတိုးတက်မှုလည်း နှေးနိုင်ပါတယ်။ လောလောဆယ် ဘဏ်တွေနဲ့ ပတ်သက်လို့လုပ်နေတဲ့ ပြုပြင်ပြောင်းလဲမှုတွေဟာ ဘဏ်တွေက အရင်းအနှီးပြန်လည်ဖြည့်သွင်းမှု ကြန့်ကြာနေရင်တော့ နိုင်ငံ့ဘဏ္ဍာရေးကို ဂယက်ရိုက်ခတ်မှု ရှိနိုင်ပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးနယ်ပယ်မှာ ကုန်သွယ်ရေး တင်းမာမှုတွေ၊ သူတို့နဲ့ဆက်နွှယ်နေတဲ့ ဘဏ္ဍာရေးဈေးကွက်မတည်မငြိမ်ဖြစ်မှုတွေ၊ ရေနံစိမ်းဈေးတက်တာနဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးအလားအလာတွေဟာ မြန်မာနိုင်ငံအပေါ်ထိခိုက်လာနိုင်တဲ့ တစ်စုံတစ်ရာသော စွန့်စားစရာတွေဖြစ်ပါတယ်။ အကောင်းဘက်ကကြည့်ရင် အကျပ်အတည်းတွေကို မြန်မြန်ဆန်ဆန် ဖြေရှင်းလိုက်နိုင်ပါက ပြည်ပကငွေကြေးဝင်ရောက်မှု ပိုမိုမြင့်မားလာပြီး SDG ရည်မှန်းချက်တွေအတွက် ပြည်ပငွေပိုသုံးစွဲနိုင်မယ်၊ နိုင်ငံတကာ သီးသန့်ရန်ပုံငွေတွေလည်း အခုထက် ပိုများလာနိုင်ပါတယ်။

လူငယ်လုပ်သားအင်အား တိုးပွားလာနေတာ၊ လုပ်အားခသက်သာတာ၊ မဟာဗျူဟာမြောက်နေရာမှာ ရှိနေတာတွေကြောင့် ရေရှည်မှာ အလားအလာကောင်းတွေ ရှိနေပါတယ်။ ဒါပေမယ့် လောလောဆယ်မှာ စီးပွားရေးလုပ်ငန်းတွေ အရှိန်လျော့နေပြီး ကာလတိုမှာ ကျဆင်းမယ့် အလားအလာတွေ ရှိနေပါတယ်။ အထူးသဖြင့် ရခိုင်ပြည်နယ်အရေးနဲ့ ဘဏ္ဍာရေးကဏ္ဍရဲ့ အထိမခံရွှေပန်းကန်ဖြစ်နေတာတွေကို နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က

> **နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ဘဏ်ကဏ္ဍမှာ စနစ်ကြောင့်ဖြစ်နေတဲ့ စွန့်စားစရာတွေ၊ အားနည်းချက်တွေကို အလျင်အမြန်ဖြေရှင်းဖို့လိုကြောင်း အလေးပေးပြီး ထောက်ပြတယ်။ စည်းမျဉ်းစည်းကမ်းတွေကို သေသေချာချာ လိုက်နာဖို့၊ ဆုံးရှုံးတာတွေကို လက်ခံအသိအမှတ်ပြုဖို့၊ လိုအပ်ရင် အရင်းအနှီး ထပ်ထည့်ဖို့၊ အရေးပေါ်အစီအစဉ်နဲ့ဖြေရှင်းမယ့် ယန္တရားတွေ အားကောင်းအောင် လုပ်ထားဖို့တွေ အလေးပေးညွှန်ပြပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပတ်သက်တဲ့ ဖြေလျှော့မှုတွေလုပ်တဲ့၊ ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်း (MSDP) မှာပါဝင်တဲ့ အစိုးရရဲ့တိုးတက်မှုတွေကိုလည်း ကြိုဆို**

ပူပန်ပါသတဲ့။ ဒါကြောင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ အုပ်ချုပ်မှုကောင်းမွန်ရေးကို အထူးဂရုစိုက်ထားတဲ့ မဟာဗျူဟာစီမံကိန်း (MSDP) ထဲက ပြုပြင်ပြောင်းလဲမှုတွေကို ကြိုဆိုတာဖြစ်ပါတယ်။ အထူးသဖြင့် ပီပြင်ခိုင်မာတဲ့ နိုင်ငံအဆင့်စီးပွားရေးမူဝါဒတွေ အဆက်မပြတ်စေဖို့ စီးပွားရေးအဆောက်အအုံပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းဖို့ လိုအပ်ကြောင်း အလေးအနက်ထား ပြောကြားသွားခဲ့ပါတယ်။


ဖွံ့ဖြိုးရေးရည်မှန်းချက်တွေရရှိနိုင်ဖို့ အသုံးအစွဲတွေ မြှင့်ဖို့လိုသလို ဘတ်ဂျက်လိုငွေကို ဗဟိုဘဏ်က စိုက်ထုတ်တာ ဖြည်းဖြည်းချင်းလျှော့ချဖို့ရယ်၊ ကြွေးဝန်မပိရဖို့ရယ် ရည်ရွယ်ပြီး ဘဏ္ဍာရေးမူဝါဒ ချမှတ်သင့်တယ်။ ဗဟိုဘဏ်က စိုက်ထုတ်ကျခံထားတာတွေ လျော့လာတဲ့အတွက် ကြိုဆိုတယ်။ ဘဏ္ဍာရေးမြင်သာထင်သာရှိတာ မြင့်မားလာအောင်လုပ်တဲ့အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအပါအဝင် အခြေခံအဆောက်အအုံလုပ်ငန်း စီမံကိန်းတွေနဲ့ပတ်သက်လို့ အန္တရာယ်တွေ လျော့ပါးသွားစေနိုင်တယ်။


အခွန်နှုန်း (အခွန်နဲ့ ဂျီဒီပီအချိုးအစား) နိမ့်နေတဲ့အတွက် ဘဏ္ဍာတော်စုစည်းရယူမှု ပိုမိုကောင်းမွန်သင့်တယ်။ ဘတ်ဂျက်သုံးစွဲမှု ကျစ်လျစ်တောင့်တင်းဖို့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ အုပ်ချုပ်မှုနဲ့ စွမ်းဆောင်ရည်ပိုကောင်းလာဖို့ ပြုပြင်ပြောင်းလဲမှုတွေ ဆက်လုပ်ပါလို့ အားပေးတယ်။ ဈေးကွက်အတိုးနှုန်းနဲ့ချိတ်ဆက်၊ ငွေဖောင်းပွမှု ထိန်းချုပ်နိုင်ဖို့ ငွေရေးကြေးရေးအခြေအနေတွေ ထိန်းသိမ်းတာကို ထောက်ခံတယ်။ ငွေကြေးမူဝါဒဘောင် အဆင့်မြှင့်တာနဲ့ အတိုးနှုန်းနဲ့ပတ်သက်လို့ ဖြေလျှော့မှုတွေကို ထောက်ခံတယ်။ ဈေးကွက်အခြေခံ ရည်ညွှန်းငွေဖလှယ်နှုန်း အဖြစ်ပြောင်းလဲလို့ ပြင်ပက ရုတ်တရက်အပြောင်းအလဲတွေ ဖြစ်လာခဲ့ရင် ဒဏ်ခံနိုင်အောင်လုပ်ပေးတဲ့ ပြုပြင်ပြောင်းလဲမှုမျိုးကို ကြိုဆိုတယ်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ဘဏ်ကဏ္ဍမှာ စနစ်ကြောင့်ဖြစ်နေတဲ့ စွန့်စားစရာတွေ၊ အားနည်းချက်တွေကို အလျင်အမြန်ဖြေရှင်းဖို့လိုကြောင်း အလေးပေးပြီး ထောက်ပြတယ်။ စည်းမျဉ်းစည်းကမ်းတွေကို သေသေချာချာလိုက်နာဖို့၊ ဆုံးရှုံးတာတွေကို လက်ခံအသိအမှတ်ပြုဖို့၊ လိုအပ်ရင် အရင်းအနှီးထပ်ထည့်ဖို့၊ အရေးပေါ်အစီအစဉ်နဲ့ ဖြေရှင်းမယ့် ယန္တရားတွေ အားကောင်းအောင်လုပ်ထားဖို့တွေ အလေးပေးညွှန်ပြပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပတ်သက်တဲ့ ဖြေလျှော့မှုတွေလုပ်တဲ့၊ ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်း (MSDP) မှာပါဝင်တဲ့ အစိုးရရဲ့တိုးတက်မှုတွေကိုလည်း ကြိုဆိုတယ်။ ဒါပေမယ့် သဘာဝသယံဇာတတွေ စီမံခန့်ခွဲရာမှာ ဘဏ္ဍာရေးမြင်သာထင်သာရှိမှု ဘဏ္ဍာရေးကဏ္ဍ စည်းမျဉ်းစည်းကမ်းထိန်းသိမ်းမှု၊ ငွေကြေးခဝါချမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဘောင် အကောင်အထည်ဖော်မှုတွေနဲ့ပတ်သက်လို့ အကောင်အထည်ဖော်မှုတွေ လုပ်စရာအများကြီး ကျန်နေသေးတယ်လို့ ဆိုပါတယ်။

မကြာသေးမီက ကောက်ခံတဲ့ စာရင်းအင်းအရည်အသွေးပိုကောင်းလာတာရယ်၊ စာရင်းအင်းထဲမှာ ပါဝင်လာတဲ့ နယ်ပယ်တွေ တိုးလာတာရယ်ကိုလည်း အသိအမှတ်ပြုပြီး ကျန်တဲ့စာရင်းအင်းနဲ့ပတ်သက်တဲ့ အားနည်းချက်တွေကို ပြုပြင်ဖို့ တိုက်တွန်းသွားတာကိုလည်း တွေ့ရပါတယ်။ နောက်တစ်နှစ်ကြာရင် ဒီအဖွဲ့ဟာ နောက်တစ်ခေါက်လာရောက် လေ့လာသုံးသပ်ကြဦးမှာပါ။ ။

(IMF Executive Board Concludes 2018 Article IV Consultation With Myanmar)



## ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ ပြုပြင်ပြောင်းလဲ

**ပဲခူး မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက ပဲခူးမြို့နယ် ဘုရားကြီးမြို့မဟာဝိဇယရံသီစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ဗုဒ္ဓဝိဟာရကျောင်းတော်ရာ ဓမ္မာရုံ၌ ဘုရားကြီးမြို့ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၅၀၀၀ ကျော်ရှိပြီး အချိန်ရသလောက် လူထုအတွင်း လူထုတွေ့ဆုံပွဲများ လာရောက်တွေ့ဆုံပေးနေရခြင်းဖြစ်ကြောင်း၊ အောက်ခြေပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ရာတွင် ရင်ဆိုင်နေရသည့် အခက်အခဲပြဿနာများကို အများအကျိုးရှေးရှုတင်ပြပေးရန်၊ ဘုရားကြီးမြို့သည် မကြာမီအချိန်အတွင်းမှာ မြို့ပြခဲ့ထွင်မှု နယ်မြေအတွင်း ပါဝင်လာမည်ဖြစ်ပြီး စီးပွားရေးအရ အချက်အချာကျသည့် မြို့ပြတစ်ခုဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ရာတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပြောင်းလဲမှုတစ်ခုတည်း ဆောင်ရွက်၍မရဘဲ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအနေဖြင့် ပညာရေးကဏ္ဍကို စတင်ပြောင်းလဲနေပြီဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း လောကပါလတရားနှင့်အညီ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မေတ္တာတရားဖြင့် ဆက်ဆံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခြင်းဖြင့် မဝေးတော့သော အနာဂတ်တွင် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ယင်းနောက် ဒေသခံများ၏ တောင်းဆိုတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ပုသိမ် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၂၆ မြို့နယ် အသက် ၂၅ နှစ်နှင့်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို မေ ၂၀ ရက် နံနက်ပိုင်းက ကိုးသိန်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင်ကစားသမားများကို လိုက်လံနှုတ်ဆက်သည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှ အမျိုးသား ၂၆ သင်း၊ အမျိုးသမီး ၂၆ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုပေးပွဲကို မေ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေးဆွေးနွေး

**မန္တလေး မေ ၂၀**

တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ အထက်မြန်မာပြည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ၆၇ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ Hotel Sakura Princess ချယ်ရီခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြည်သူလူထုအနေဖြင့် တရားဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ တရားရေးဆိုင်ရာ အချက်အလက်များကို ပိုမိုသိမြင်ပြီး ဌာနဆိုင်ရာများကလည်း လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပါက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက တရားစီရင်ရေးကိစ္စများတွင် ကြန့်ကြာမှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တရားစွဲအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ တရားရေးကိစ္စများတွင်ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ ရှေ့နေချုပ်ရုံး ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာသီသီမြင့်က တရားမျှတမှုအတွက် ငါးနှစ်တာစီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ တရားဥပဒေစိုးမိုးရေးဆိုင်ရာများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တရားမျှတရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင်က တရားဥပဒေစိုးမိုးရေးဆိုင်ရာများ ရှင်းလင်းခြင်း၊ အထက်မြန်မာပြည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များက တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေးဆိုင်ရာများကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**





## ရင်သွေးငယ်များ ယဉ်ကျေးလိမ္မာစေရန် ဆရာ၊ ဆရာမသည် အရေးပါ၊ ကလေးများရှိသေလေးစားသည့် ဆရာ၊ ဆရာမကောင်းများ ဖြစ်စေချင်

**ဘားအံ မေ ၂၀**

မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို အာဆီယံနိုင်ငံများ၏ စံနှုန်းများနှင့်အညီ လိုက်လျောညီထွေရှိစေရန် ပညာရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် စတင်သင်ကြားမည့် တတိယတန်း Grade-3 သင်ရိုးသစ် မြို့နယ်အဆင့် သင်တန်း ဆွေးနွေးပွဲတက်ရောက်နေကြသည့်ဆရာ ဆရာမများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က မေ ၁၉ ရက် နံနက် ၁၁ နာရီက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း မြသံလွင်ခန်းမ၌ သွားရောက်တွေ့ဆုံခဲ့သည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ်က ရင်သွေးငယ်များ ယဉ်ကျေးလိမ္မာစေရန်မူလတန်းအဆင့်တွင် သွန်သင်ဆုံးမပုံသွင်း၍ လွယ်ကူကြောင်း၊ တက္ကသိုလ်အဆင့်တွင်မူ ထိုသို့ဆောင်ရွက်ရန် မလွယ်ကူကြောင်း၊ ထို့ကြောင့် မူလတန်း ဆရာဆရာမများသည် လွန်စွာမှ အရေးကြီးပါကြောင်း၊ မူလတန်း ဆရာ ဆရာမများကို ကလေးများရှိသေလေးစားသည့် ဆရာ ဆရာမကောင်းများဖြစ်စေချင်ကြောင်း၊ ကလေးများကို စာများများဖတ်စေချင်ကြောင်း၊ ကလေးများကို မိမိတို့ မြို့ရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်ပြီး အမှိုက်ကောက်သည့် အလေ့အကျင့်ကောင်းများ ရှိစေချင်ကြောင်း၊ ဆရာ ဆရာမများကို အားလုံးအတွက် စံပြဖြစ်စေချင်ကြောင်း၊ ကလေးငယ်များ၏ အနာဂတ်၊ မြန်မာနိုင်ငံ၏ အနာဂတ်၊ ကရင်ပြည်နယ်၏ အနာဂတ် အားလုံးသောအနာဂတ်သည် ဆရာ ဆရာမများတွင် ရှိနေကြောင်း၊ ဆရာ ဆရာမများ၏ အတွေးအခေါ်မှန်လျှင် မှန်သည့်အလျောက် ကလေးများ တိုးတက်မှု ရှိလာမည်ဖြစ်ကြောင်း၊ အင်မတန်မှ အရေးကြီးသည့်နေရာတွင် ဆရာ ဆရာမများ ရပ်တည်နေပါကြောင်း၊ ဆရာ ဆရာမများ၏ တန်ဖိုးကိုမမေ့လျော့သင့်ပါကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားခဲ့သည်။

ကရင်ပြည်နယ်ဘားအံမြို့ အထက (၁)၊ အထက(၂)၊ အထက(၄) တို့တွင် ကျောင်းအုပ်စုအလိုက် မူလတန်း Grade-3 တတိယတန်း သင်ရိုးသစ် သင်တန်း၊ ဆွေးနွေးပွဲကို သင်တန်းသား၊ နည်းပြ၊ ကြီးကြပ် ဆရာ ဆရာမဦးရေ ၂၆၉ ဦးဖြင့် မေ ၁၀ ရက်မှ ၂၅ ရက်အထိ ဆောင်ရွက်လျက်ရှိပြီး အလယ်တန်း Grade-6 သင်ရိုးသစ် သင်တန်းဆွေးနွေးပွဲကို အ-ထ-က (၃)၊ အ-ထ-က (ခွဲ) - ၃၊ အ-ထ-က (၅)၊ အ-ထ-က (ခွဲ) ၂ နှင့် ကော့လိုက်ကျောင်းတို့တွင် ဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော့ကရိတ်ခရိုင်တွင်လည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတွင် မူလတန်း Grade-3 တတိယတန်း သင်ရိုးသစ်သင်တန်း ဆွေးနွေးပွဲ တက်ရောက်နေကြသည့် ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# မြိတ်မြို့နယ်ရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မြိတ် မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချို့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မေ ၁၉ ရက် နံနက်ပိုင်းက ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် တုံးဗျောကျေးရွာအုပ်စု တုံးဗျောကြီးကျေးရွာသို့ သွားရောက်၍ အမကကျောင်းတွင် ဒေသခံများနှင့်တွေ့ဆုံပြီး ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားကာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြတ်သူနှင့် ဒေသခံပြည်သူများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးရွာလိုအပ်ချက်များရှင်းလင်းတင်ပြကြရာ ဝန်ကြီးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကြေးနန်းတိုင်-တောင်ရှည်-ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ တိုင်းဒေသကြီး ဘဏ္ဍာရေးရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် တောင်ရှည်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။



တောင်ရှည် ချောင်းကူးတံတားသည် အရှည် ၂၉၅ ပေ၊ အကျယ် ၁၈ ပေရှိပြီး တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်းပေါင်း ၁၀၅၀ ဖြင့် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်၊ သံကူကွန်ကရစ်ရက်မကြမ်းခင်းအမျိုးအစားဖြင့် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၉) မှ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**မြိတ် (ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ပြိုင်ပွဲများကျင်းပ

**တာချီလိတ် မေ ၂၀**

၂၀၁၉ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် (၂၂)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို မေ ၁၉ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ပြိုင်ပွဲအား အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ရာ ပန်းချီပြိုင်ပွဲတွင် ၂၀၊ ကာတွန်းပြိုင်ပွဲတွင် ၁၉ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၂၀ နှင့် အထက်တန်း၊ အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင်ခုနစ်ဦး စုစုပေါင်း ၆၆ ဦးတို့က ‘အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့’ ‘အပေါင်းအသင်းရွေးချယ်ပါ’၊ ‘ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ မူးယစ်ရန်မီးငြိမ်းသတ်စို့’၊ ‘နိုင်ငံကိုချစ် လူမျိုးချစ် မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်’၊ ‘မျိုးဆက်သစ်ဘဝလှပဖို့ မူးယစ်ဟူသမျှရှောင်ရှားစို့’၊ ‘ဦးစွာနားထောင်ပါ’ စသည့် ခေါင်းစဉ်များဖြင့် အသီးသီးပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲများသို့ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်ဌာနဆိုင်ရာများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့စုမှူး၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) (တာချီလိတ်ခရိုင်) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြည့်ရှုအားပေးခဲ့ပြီး ဆုရကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် မေ ၂၀**

၂၀၁၉ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၀ ရက် နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည်။

လေးယောက်တွဲ ဗိုလ်လုပွဲစဉ်အဖြစ် တပ်ကုန်းမြို့နယ် လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းနှင့် ဇမ္ဗူသီရိမြို့နယ် လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်ကုန်းမြို့နယ် လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းက (၂-၁) ပွဲဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ နေရာအလိုက် အကောင်းဆုံးကစားသမားဆုများကို ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ နှစ်ဦးတွဲ၊ သုံးဦးတွဲနှင့် လေးဦးတွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် မြို့နယ်များအား တစ်ဦးချင်းဆုတံဆိပ်များကို နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ ငွေသားဆုများကို နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးထိန်းဝင်းနှင့် တာဝန်ရှိသူများက လည်းကောင်း ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၁၉ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် မြို့နယ် ပေါင်းစုံအမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုရရှိသည့် ဇမ္ဗူသီရိမြို့နယ် လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းအား နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်ကတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

၂၀၁၉ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံအမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို မေ ၁၄ ရက်မှ မေ ၂၀ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ အသင်းရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ နှစ်ဦးတွဲ၊ သုံးဦးတွဲနှင့် လေးဦးတွဲ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ဇမ္ဗူသီရိမြို့နယ် လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ တပ်ကုန်းမြို့နယ် လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ဇေယျာသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ် လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းများက ကြေးတံဆိပ်တစ်ခုစီ အသီးသီး ဆွတ်ခူးရရှိသွားကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# မြန်မာစားသောက်ဆိုင်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းက ကြီးမှူး၍ မြန်မာ့စားသောက်ဆိုင်လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်နေသော လုပ်ငန်း ရှင်များနှင့် ဝါရင့်ပညာရှင်များက မေ ၁၉ ရက် ယနေ့ မွန်းလွဲ ၁နာရီ က အင်းလျားကန်ပေါင်ရှိ IBC ခန်းမ၌ Restaurant Chain Operations ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးနေလင်းက “ကျွန်တော်တို့ Restaurant Chain Operations ခေါင်းစဉ်နဲ့ ခုလို တွေ့ဆုံဟောပြောဆွေးနွေးပွဲ လုပ်ဖြစ်တာ ယခုအကြိမ်ဆို သုံးကြိမ်ရှိပါပြီ၊ လုပ်ငန်းရှင်တွေအချင်းချင်း လုပ်ငန်းအတွေ့ အကြုံတွေ၊ အခက်အခဲတွေ ပြောကြဆိုကြ ရင်းနဲ့ တစ်ဦးနဲ့တစ်ဦး လုပ်ငန်းဖလှယ်ကြဖို့လည်း ရည်ရွယ်ပါတယ်” ဟု ပြောသည်။

“ကျွန်တော်တို့ အလွန်မှကြိုက်နှစ်သက်တဲ့ မြန်မာအစားအစာ မုန့်မျိုးစုံထဲက အဓိက မုန့်ဟင်းခါးလိုမျိုးပေါ့၊ တချို့ဆို နိုင်ငံတကာ စားသောက်ကုန် ပြပွဲတွေမှာ တန်းဝင်ပြသနေကြပြီး ပြည်ပခရီးသွားဧည့်သည်တွေ စွဲမက်ကြိုက်နှစ်သက်ဖို့က မြန်မာမှု၊ မြန်မာဟန်မပျက်ဘဲ အဆီအဆိမ့်လျှော့ပုံလျှော့နည်းတွေ၊ ချက်ပုံချက်နည်းတွေ ဘေးအန္တရာယ်ကင်းစွာ သန့်ရှင်းလတ်ဆတ်စွာ လုပ်ကိုင်တတ်ဖို့ရယ်၊ ဒါတွေကို အမြင်ချင်းမတူတာတွေ ဆွေးနွေးတာတွေလုပ်ကြပါတယ်။ ကျွန်တော့်အနေနဲ့တော့ စားသောက်ဆိုင်တိုင်းမှာ မြန်မာအစားအစာကို မှာယူ စားသုံးလာနိုင်တဲ့အထိ ကောင်းမွန် ပြောင်းလဲလာမယ်၊ တိုးတက်လာမယ်လို့ ယုံကြည်ပါတယ် ” ဟု ထပ်မံပြောသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**



ရန်ကုန်တိုင်းဒေသကြီး လသာ မြို့နယ် အမှတ် (၈) ရက်ကွက် မဟာဗန္ဓုလလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထိပ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင် ဈေးသူ ဈေးသားများနှင့် လမ်းသွား လမ်းလာ ပြည်သူများအား မေလတတိယပတ်က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးဟောပြောစဉ်။

**ကြေးမုံ**

ကြေးမုံ





## မုံရွာမြို့တွင် သတင်းရေးသားထုတ်ပြန်ခြင်းဆွေးနွေးပွဲကျင်းပ

**မုံရွာ မေ ၂၀**

သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် စာနယ်ဇင်းဆိုင်ရာ ကျင့်ဝတ်၊ ဝေါဟာရ ရှင်းလင်းချက်နှင့် သတင်းရင်းမြစ်များရှာဖွေခြင်း၊ သတင်း၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ သတင်းလိုက်ခြင်း၊ သတင်းထုတ်ပြန်ခြင်းဆိုင်ရာ ဆွေးနွေးချက်၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၊ Online အသုံးပြု၍ သတင်းများ ထုတ်ပြန်ခြင်း လူမှုမီဒီယာဘာသာရပ်နှင့် သတင်းမှတ်တမ်း ရိုက်ကူးရာတွင် ရှောင်ရန်၊ ဆောင်ရန်၊ သတင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးခြင်းများကို စာတွေ့လက်တွေ့ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းနှင့် မုံရွာခရိုင် ဦးစီးမှူး ဒေါ်စိုးစိုးဝင်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေနှင့် တိုင်းဒေသကြီးအတွင်းရှိ ပြန်/ဆက် ဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## မျှတသောတရားစီရင်ရေးဆိုင်ရာအခွင့်အရေးများအကြောင်း ဆွေးနွေးပွဲကျင်းပ

**ထားဝယ် မေ ၂၀**

မျှတသော တရားစီရင်ရေးဆိုင်ရာ အခွင့်အရေးများအကြောင်း အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက် ၈ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဥပဒေချုပ် ဦးစိုးမြင့်က မျှတသောတရားစီရင်ရေးဆိုင်ရာစံနှုန်းများ စာအုပ်တွင် တည်ဆဲပြည်တွင်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် မျှတသောတရားစီရင်ရေး Fair Trial စံနှုန်း ၁၂ ခုကို ကောက်နုတ်ဖော်ပြထားပြီး ယင်းစံနှုန်းများကို ဥပဒေအရာရှိများ လေ့လာသိရှိနိုင်ရန်နှင့် ပြည်သူများ၏ ဥပဒေဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးပြီး မရှင်းလင်းသည့်အချက်များရှိပါက မိမိ၏ အတွေ့အကြုံနှင့် ထင်ဟပ်၍ မေးမြန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏တရားစီရင်ရေးစနစ်တွင် ဥပဒေအရာရှိများသည် နိုင်ငံတော်ကိုယ်စားအမှုလိုက်ပါဆောင်ရွက်သည့် တာဝန်ကို ထမ်းဆောင်ရသူများဖြစ်၍ အခါအားလျော်စွာ နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် မျှတသော တရားစီရင်ရေး စံနှုန်းများနှင့်အညီ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် United Nations Development Programme (UNDP) အဖွဲ့မှ နည်းပညာအကြံပေး အရာရှိချုပ် Ms. Jane Abudho က မိတ်ဆက်စကား ပြောကြားပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ယုယုခင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် မျှော်မှန်းချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက တရားဥပဒေစိုးမိုးရေး အခြေခံမူများနှင့် လူ့အခွင့်အရေးများ၊ မျှတသော တရားစီရင်ရေးစံနှုန်းများနှင့် တရားဥပဒေစိုးမိုးရေးစံနှုန်းများ၊ ရာဇဝတ်တရားစီရင်ရေးဆိုင်ရာ မျှတသော တရားစီရင်ရေးစံနှုန်းများ၊ တရားစီရင်ရာတွင် ကျင့်သုံးရမည့် မျှတသော တရားစီရင်ရေးစံနှုန်းများ၊ အမျိုးသမီးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုပေးခြင်း ခေါင်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**

## မြန်မာနိုင်ငံတွင်ဟိုတယ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်

**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ်တိုးပွားလာမှုနှင့်အတူ ဟိုတယ်လုပ်ငန်းများသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်ခိုင်က ပြောသည်။

"မြန်မာနိုင်ငံမှာ ယနေ့အထိ ဟိုတယ်အလုံးပေါင်း ၁၂၈၆ လုံး ရှိပါတယ်။ ဒါက Private ဖြစ်ပါတယ်။ နိုင်ငံခြားနဲ့ ဖက်စပ်ကတော့ ၂၆ လုံး ရှိပါတယ်။ ဆီဒိုးနားတို့လို၊ ဆူးလေရှန်ဂရီလာတို့လို ဟိုတယ်တွေပါ။ အားလုံးပေါင်းလိုက်မယ် ဆိုရင်တော့ ၁၃၁၂ လုံးရှိပြီးတော့ ဟိုတယ်အခန်းပေါင်း ၇၀၀၀၀ ကျော်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ဟိုတယ်ကဏ္ဍ တိုးတက်ပြောင်းလဲလာတာကို ပြသနေခြင်းဖြစ်ပါတယ်" ဟု ဦးကျော်ခိုင်က Food & Hotel Myanmar စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနား၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခုအခါ ဟိုတယ်ဇုန်များရှိပြီး ဟိုတယ်ဇုန် ၁၉ ခုရှိကြောင်း၊ ရှမ်းပြည်နယ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း၊ ပုသိမ်ဇုန်တွင် ငွေဆောင်၊ ချောင်းသာရှိပြီး မန္တလေးဇုန်၊ ပုဂံဇုန်၊ စစ်ကိုင်းဇုန်၊ အင်းလေးဇုန် အစရှိသဖြင့် ဇုန်များအလိုက်တည်ရှိပြီး ခရီးသွားဒေသများ သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ လာရောက်မှုမှာလည်း ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ခရီးသွားဦးရေ ၃ ဒသမ ၅ သန်းလာရောက်ခဲ့ကြောင်း၊ ခရီးသွားများ လာရောက်မှု တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်ဆောင်ရွက်ပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် မြန်မာနိုင်ငံသို့ ကမ္ဘာတစ်ဝန်းမှခရီးသွားများ လာရောက်မှု ခုနစ်သန်းအထိလာရောက်ရန် မျှော်မှန်းဆောင်ရွက်လျက် ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မကြာမီကျင်းမည့် Food & Hotel ပြပွဲကြီးသည် နိုင်ငံပေါင်း ၂၀ နိုင်ငံမှ ပါဝင်ပြသမည်ဖြစ်၍ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် အစားအသောက်ပြုလုပ်ပုံ၊ ဟိုတယ်ဆိုင်ရာ နည်းပညာများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်**



ရထားရဲတပ်ဖွဲ့အမှတ် (၁၂) တပ်ခွဲ တပ်စု (၂) တိုးကြောင်ကလေးတပ်စုမှူး ဒုရဲအုပ်သန်းအေးနှင့် အဖွဲ့ မေ ၁၇ ရက် နံနက် ၁၁ နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် သွားလာပို့ဆောင်ရေးဂိတ် အမှတ် (၁) တွင် ရထားမတော်တဆမှုဖြစ်စဉ်များ လျော့နည်းပပျောက်စေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေနေစဉ်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## အောင်လံမြို့နယ်ရှိ ကျေးရွာလေးရွာ၌ လေပြင်းတိုက်ခတ်

**အောင်လံ မေ ၂၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ ကရင်မစမ်း၊ တပုလိုင်း၊ တင်းတော၊ ငရုံ့ကျော်ကျေးရွာများတွင် မေ ၁၉ ရက် ညနေ ၄ နာရီခွဲမှစတင်၍ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၄၉ လုံး၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ ပညာရေးဝန်ထမ်းအိမ်ရာတစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။

လေဘေးသင့်အိမ်ထောင်စု ၄၉ စုမှ လူဦးရေ ၂၀၁ ဦးတို့အား နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ခေတ္တယာယီနေထိုင်ရန် နေရာချထားပေးခြင်းနှင့် နေအိမ်များပြုပြင်ရေးတို့အတွက် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အစီအမံဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကယ်ဆယ်ရေးပစ္စည်းများရရှိရေးအတွက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**သိန်းလွင်(အောင်လံ)**



## ပြွန်တန်ဆာမြို့ ငါးကြီးအိုင်ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် အိမ် ၁၉ လုံးပျက်စီး

**ညောင်လေးပင် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာမြို့ ချောင်းရင်းကျေးရွာ အုပ်စု ငါးကြီးအိုင်ကျေးရွာ၌ မေ ၁၉ ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၁၉ လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း အမိုး၊အကာများ ပျက်စီးခဲ့ပြီး ဓာတ်တိုင် ၁၂ တိုင် ပြိုလဲကျိုးပဲ့ပျက်စီးခဲ့ကြောင်းသိရသည်။

ကျေးရွာနေ ဦးမျိုးမြင့်လေးက "မေ ၁၉ ရက်ညနေက လေပြင်းတိုက်တာပါ။ အပင်တွေလဲ၊ ဓာတ်တိုင်တွေကျိုး၊ အိမ်တွေအမိုးလန် ပြိုတာတွေရှိပါတယ်။ အခု မိုးဦးကာလဆိုတော့ နေတဲ့အိမ်တွေက ယာယီနေထိုင်နိုင်ဖို့ ပြုပြင်နေကြပါတယ်" ဟု ပြောသည်။

**ခင်မောင်လွင် (ညောင်လေးပင်)**

# စစ်တောင်းမြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပါက မိုးရာသီတွင် ကမ်းပြိုမှုများဖြစ်နိုင်



**ရေတာရှည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာမြို့အရှေ့ လေးမိုင်ခန့်အကွာရှိ ရွှေကဖောင်းကျေးရွာသည် စစ်တောင်းမြစ်ရေတိုက်စား၍ ကမ်းပြိုမှုများကြောင့် မြစ်ထိန်းတာတမံမြောက်ဘက်ခြမ်းရှိ လူနေအိမ်များအားလုံးနီးပါး ရွှေ့ပြောင်းခဲ့ကြရပြီး မြစ်တစ်ဖက်ကမ်းရှိ သောင်ကျွန်းအား ဖယ်ရှားနိုင်ခြင်းမရှိပါက ယခုနှစ်မိုးရာသီတွင် မြစ်ကမ်းထိန်းတာတမံအထိ ကမ်းပါးများပဲ့နိုင်ကြောင်း ရွှေကဖောင်းကျေးရွာဒေသခံများက ပြောကြားသည်။

"မြစ်ကမ်းပါးတွေပြိုတာကတော့ ပြောမနေပါတော့နဲ့ဗျာ၊ တစ်ရွာလုံးလည်း ဟိုရောက်ဒီရောက်တွေဖြစ်ကုန်ပြီ၊ ကျွန်တော်တို့ကတော့ ပြေးစရာလည်းမြေမရှိ ပေးစရာလည်းငွေမရှိလို့မြစ်ကမ်းဘေးမှာ ဖြစ်သလိုတဲထိုးပြီးနေရတာသာကြည့်ပါတော့၊ ဟိုးမှာမြင်ရတဲ့ သောင်ကျွန်းကိုဖယ်ရှားနိုင်ရင် ရေစီးကြောင်းပြောင်းသွားမှာသေချာတယ်၊ ဒီလိုမှမဟုတ်ရင်တော့ အခုမိုးရာသီကို မြစ်ကမ်းထိန်းတဲ့ ဒီတာပေါင်အထိရောက်နိုင်တယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဒေသခံများအနေဖြင့် နေအိမ်များရွှေ့ပြောင်းကြရာတွင် ဆွေမျိုးနီးစပ်ရာကို အဆင်ပြေသလို ရွှေ့ပြောင်းနေထိုင်ကြသည်များရှိသလို အချို့မှာ မြေဝယ်စရာငွေမရှိသည့်အတွက် အခက်အခဲများစွာဖြစ်ပေါ်လျက်ရှိနေကြကာ အကူအညီများ လိုအပ်လျက်ရှိနေသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

စစ်တောင်းမြစ်တစ်ဖက်ကမ်း သောင်ကြီးကျေးရွာဘက်မှ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပြီး လက်ရှိ ရွှေကဖောင်းကျေးရွာ မြစ်ကမ်းထိန်းတာပေါင် ကျိုးပြတ်သွားပါက တောင်ဘက်ခြမ်းရှိ လူနေအိမ်များပါအားလုံးရွှေ့ပြောင်းရဖွယ်ရှိနေသည်။

**ကိုလွင်(ဆွာ)**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပညာပေး

**ကျောက်မဲ မေ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းငေါ့မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မေ ၁၇ ရက် နံနက် ၉ နာရီက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ပြုလုပ်ခဲ့သည်။

မိုင်းငေါ့မြို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစိုးပြည့်အောင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ငလျင်ဘေး၊ မီးဘေး၊ ရေဘေး၊ လေဘေး စသည့်အန္တရာယ်များ ကြုံတွေ့လာပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ခံ ဦးအောင်နိုင်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာသိကောင်းစရာများ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံမှတ်တမ်းများကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင် (ပြန်/ဆက်)**



## စိုက်ပျိုးရေးသုံးစက်ကိရိယာများနှင့် ပိုးသတ်ဆေးဈေးနှုန်းမြင့်တက်၍ တောင်သူများအခက်ကြုံ

**မုံရွာ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သရက်စိုက်ပျိုးတောင်သူများအနေဖြင့် ကုန်ထုတ်လမ်းအခက်အခဲ၊ စိုက်ပျိုးရေးသုံးစက်ကိရိယာဈေးနှုန်းမြင့်တက်ခြင်းနှင့် အသုံးပြုလျက်ရှိသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းမြင့်တက်ခြင်း စသည့်အခက်အခဲများရှိနေကြောင်း သရက်စိုက်တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

"သရက်သီးနှံနဲ့ပတ်သက်တဲ့အခက်အခဲကတော့ ကုန်ထုတ်လမ်း၊ တောင်သူတွေအသုံးပြုနေရတဲ့ ဆေးဝါးများ ဈေးနှုန်းမြင့်မားခြင်း၊ ထွန်ယက်စိုက်ပျိုးမယ့် စိုက်ပျိုးရေးအတွက်အသုံးပြုနေရတဲ့ စက်ကိရိယာတွေ ဈေးနှုန်းမြင့်မားတဲ့ အခက်အခဲတွေ ရှိနေတယ်၊ နောက်တစ်ခုက အသိအမှတ်ပြု လက်မှတ်ရပြီးတဲ့ ထုတ်ကုန်ပစ္စည်းတွေကို အသိအမှတ်ပြုလက်မှတ်ရတဲ့ တောင်သူတွေရောင်းချတဲ့ အရောင်းစင်တာတစ်ခု ဖွင့်ပေးစေချင်တယ်၊ အဲဒီလိုဖြစ်မယ်ဆိုရင် တခြားကျွန်တော်တို့ သီးနှံတွေကို ဝယ်ယူချင်တဲ့ကုန်သည်တွေ စိတ်ဝင်စားမှု မြင့်တက်လာမှာဖြစ်သလို အသိအမှတ်ပြုလက်မှတ်ကိုလည်း အခြားတောင်သူတွေ ပိုပြီးစိတ်ဝင်စားမှုရှိလာနိုင်မယ်" ဟု စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာမှ သရက်စိုက်တောင်သူ ဦးကျော်မြင့်က ပြောသည်။

ဒီပဲယင်းကွဲကျေးရွာတွင် စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ မယ်သီ၊ ပတ္တမြား ငမောက် စသည့်သရက်သီးနှံတောင်သူ ၃၀၀ ခန့်မှ စိုက်ဧက ၃၀၀၀ ခန့်ရှိရာ ယခုနှစ်တွင် ရာသီဥတုအခြေအနေအရ တန်ချိန် ၁၀၀၀၀ ခန့် ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း ၎င်းကပြောသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ငါးသယံဇာတများကိုထိန်းသိမ်းရန် ငါးမဖမ်းရကာလများ သတ်မှတ်ထား



**မကွေး မေ ၂၀**

ငါးသယံဇာတများကိုထိန်းသိမ်းနိုင်ရန်အတွက် ငါးမဖမ်းရကာလများ သတ်မှတ်ထားပြီး ကြီးကြပ်စစ်ဆေးမှုများလုပ်ဆောင်နေကြောင်း မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ဒေသရေချိုငါးများဖြစ်သည့် ငါးရစ်ငါးသန်ငါးများကို မေလမှ ဇူလိုင်လကုန်အထိ၊ ကကတစ်ငါးများကို ဇန်နဝါရီလမှ ဩဂုတ်လအထိ၊ ကျောက်ပုစွန်၊ ကင်းပုစွန်များကို ဧပြီလမှ ဇွန်လကုန်အထိ ဖမ်းဆီးခြင်းမပြုရန် ပိတ်ပင်ထားပြီး ငါးအမျိုးအစားအလိုက် ငါးများပေါက်ပွားသည့်အချိန်၌ တားမြစ်မှုများ လုပ်ဆောင်လျက်ရှိသည်။

" "ခုအချိန်က ငါးရစ်ငါးသန်ကာလမျိုးတွေနဲ့ပြည့်နေတဲ့ငါးတွေ၊ ဥတွေနဲ့ပြည့်နေတဲ့ငါးမကြီးတွေ သားပေါက်တဲ့ရာသီအစဖြစ်ပါတယ်။ အဲ့ဒါကြောင့် ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုမရှိစေရေးအတွက် နှစ်စဉ် စီမံချက်ရေးဆွဲဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလှိုင်မြင့်က ပြောသည်။

၂၀၁၈ ခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ ငါးသယံဇာတထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများဖွဲ့စည်းနိုင်ခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ NGO နှင့် CSO များဖြင့် အားဖြည့်ဖွဲ့စည်းထားကြောင်း၊ ကျေးရွာ များတွင် ငါးသယံဇာတဆိုင်ရာအသိပညာပေးပွဲများ လတ်တလောလုပ်ဆောင်နေပြီး မြစ်ကမ်းဘေးများ၌ အသိပညာပေးဆိုင်းဘုတ်များလည်း စိုက်ထူပေးထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၁၈ ခုနှစ်အတွင်း တရားမဝင်ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှု (ပိုင်ရှင်မဲ့ပစ္စည်းများသိမ်းဆည်းထားမှု) ၂၇ မှုရှိကြောင်း သိရပြီး ဘက်ထရီရှော့တိုက်ခြင်း၊ အဆိပ်ခတ်ခြင်း၊ ဖောက်ခွဲရေးပစ္စည်းများအသုံးပြုခြင်း၊ ခွင့်ပြုထားသည့်ပိုက်အရွယ်အစားထက် သေးငယ်သောပိုက်များအသုံးပြုခြင်း၊ တရားမဝင်နှင့် ငါးမဖမ်းရကာလ စည်းကမ်းချိုးဖောက်ခြင်းများကို သက်ဆိုင်ရာကော်မတီများက စောင့်ကြည့်အရေးယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## မူးယစ်ဆေးဝါးကင်းစင်ရေး ပူးပေါင်းဆောင်ရွက်

**မြိတ် မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မဇော်ကျေးရွာအုပ်စု မဇော်ပြင်ကြီးကျေးရွာ၌ မူးယစ်ဆေးဝါးကင်းစင်နယ်မြေအဖြစ် ဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုက မြိတ်မြို့နယ်အတွက်လည်း စံပြကျေးရွာဖြစ်သည်နှင့်အညီ မဇော်ပြင်ကြီးကျေးရွာကဲ့သို့ အခြားကျေးရွာများအနေဖြင့်လည်း လိုက်နာကျင့်သုံးသွားကြပါက မြိတ်မြို့နယ်အနေဖြင့် အေးချမ်းသာယာသွားမည်ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**မြင့်ဦး(မြိတ်)**

## (၂၂)ကြိမ်မြောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

**ကြံခင်း မေ ၂၀**

၂၀၁၉ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုအထိမ်းအမှတ်အဖြစ် ကြံခင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ရဲမှူး သိန်းဌေးဦးဆောင်၍ မြို့နယ်ပညာရေးမှူး ဒေါ်အေးငြိမ်းနှင့် မြို့နယ် ဌာနဆိုင်ရာများ ပူးပေါင်းစီစဉ်သည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီ ပြိုင်ပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက အထက ကြံခင်း အောင်ကျော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ ကြံခင်းမြို့နယ်အတွင်းရှိ ကျောင်းများမှ ပန်းချီဝါသနာရှင် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ဌေးမင်း**



## ပင်လယ်ပြင်အတွင်းသို့ ပုစွန်သားပေါက် မျိုးစိုက်ထည့်

**လောင်းလုံး မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျောက်ဝပ်ပြင်ကျေးရွာ ဒီရေတော ၌ မေ ၁၇ ရက် နံနက် ၈ နာရီခွဲက သဘာဝပင်လယ်ပြင်အတွင်းသို့ ရေငန်ပုစွန်သားပေါက်မျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ခေတ္တဦးစီးမှူး ဦးမြင့်ရွှေနှင့် ပြည်သူများက ပင်လယ်ပြင်အတွင်းသို့ ရေငန်ပုစွန်သားပေါက် ၁၀ သိန်းနှင့် လေးလက်မ ရေငန်ပုစွန်ကောင်ရေ ၄၀ အား မျိုးစိုက်ထည့်ခဲ့သည်။

**မိုးဝါ(ပြန်/ဆက်)**

# မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ အီတီဟက်ဒ်တွင် နောက်ထပ်အနည်းဆုံးငါးနှစ်ဆက်ရှိမည်

နည်းပြ ဂွါဒီယိုလာသည် လက်ရှိကလပ် မန်စီးတီးအသင်းတွင် နောက်ထပ်အနည်းဆုံးငါးနှစ်အထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ဂွါဒီယိုလာအနေဖြင့် မန်စီးတီးအသင်းတွင် ဆက်ရှိနေမည်ဆိုပါက ပေါင်သန်း ၁၀၀ ဝင်ငွေရရှိမည်ဖြစ်ပြီး ၎င်း၏နှစ်စဉ်လစာငွေသည်လည်း ပေါင် ၁၅ သန်းမှ သန်း ၂၀ အထိတိုးမြှင့်လာမည်ဖြစ်သည်။

လက်ရှိတွင် နည်းပြဂွါဒီယိုလာ၏ မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းသည် နှစ်နှစ်ကျန်ရှိနေသေးကြောင်းလည်းသိရသည်။

နည်းပြဂွါဒီယိုလာကလည်း"ကျွန်တော့်အနေနဲ့ အီတီဟက်ဒ်မှာ နောက်ထပ်နှစ်နှစ်အနည်းဆုံးဆက်နေသွားဖို့ရှိပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ကျွန်တော့်ကို ဆန္ဒရှိတယ်ဆိုရင် ဒီအသင်းမှာ ကိုင်တွယ်ရတာ ကျေနပ်မိပါတယ်။ လောလောဆယ်တော့ ဘယ်အသင်းကိုမှ ပြောင်းရွှေ့တာဝန်ယူကိုင်တွယ်ဖို့မရှိသေးပါဘူး"ဟု ပြောကြားခဲ့သည်။

နည်းပြဂွါဒီယိုလာသည် ဘာစီလိုနာအသင်းတွင် လေးနှစ်ကြာတာဝန်ယူကိုင်တွယ်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းတွင် သုံးနှစ်ကြာတာဝန်ယူကိုင်တွယ်ခဲ့သူ ဖြစ်သည်။

ဂွါဒီယိုလာ၏ မန်စီးတီးအသင်းနှင့်အတူ နည်းပြဘဝဖြတ်သန်းမှုသည်လည်း လာမည့်ဘောလုံးရာသီတွင် လေးနှစ်ပြည့်မည်ဖြစ်ပြီး မန်စီးတီးအသင်းက ကာလရှည်စာချုပ်တစ်ရပ်ချုပ်ဆိုသွားရန် ရှိနေသည်။

ဂွါဒီယိုလာအနေဖြင့် မန်စီးတီးအသင်းအား ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် အီးအက်ဖ်အယ်လ်ဖလားတို့ကို ရယူပေးနိုင်ခဲ့သည်။ လူငယ်ကစားသမားများကို ခေါ်ယူစာချုပ်ခဲ့ခြင်းကြောင့် ဖီဖာ၏ စုံစမ်းစစ်ဆေးခြင်းကို ခံနေရပြီး အပြောင်းအရွှေ့ကာလအတွင်း ကစားသမားခေါ်ယူမှုကို ပိတ်ပင်ခံရလိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။





## နီကိုလက်ပီပီအား မန်ယူ၊ဘိုင်ယန်နှင့် အာဆင်နယ် စိတ်ဝင်စားနေ

လိုင်လီတောင်ပံကစားသမား နီကိုလက်ပီပီသည် ယခုနှစ်နွေရာသီတွင် အသင်းမှထွက်ခွာမည်ဖြစ်ပြီး မန်ယူအသင်း၊ အာဆင်နယ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ်ရှိ နီကိုလက်ပီပီသည် ယခုနှစ်ဘောလုံးရာသီတွင် ပြင်သစ်ကလပ်လိုင်လီအသင်းအတွက် ၂၁ ဂိုးသွင်းယူပေးထားကာ ၁၃ ဂိုးအထိ ဂိုးဖန်တီးပေးထားနိုင်ခဲ့သူဖြစ်သည်။ တောင်ပံကစားသမား နီကိုလက်ပီပီသည် စနေနေ့က လိုင်လီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ၏ နောက်ဆုံးပွဲစဉ်တွင် ပါဝင်ကစားပေးခဲ့ပြီးနောက် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း နည်းပြ ဂယ်တီယာက ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လိုင်လီအသင်းနည်းပြ ဂယ်တီယာက လာမည့်ဘောလုံးရာသီအတွက် အသင်းပြောင်းရွှေ့ကစားမည်ဆိုပါက အသင်းကို ဂရုတစိုက်ရွေးချယ်သင့်ကြောင်း သတိပေးပြောကြားခဲ့သည်။

**ငွေကြယ် - ရေးသားသည်**


## ချယ်လ်ဆီးကွင်းလယ်လူ ကန်တီ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ဖွယ်ရှိ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် ကွင်းလယ်ကစားသမား ရာဘီယော့အားလာမည့် အပြောင်းအရွှေ့ကာလအတွင်း အသင်းပြောင်းရွှေ့ကစား ခွင့်ပြုမည်ဖြစ်ကာ လစ်လပ်သွားသည့် ကွင်းလယ်ပိုင်းအတွက် ချယ်လ်ဆီးကစားသမား ကန်တီဖြင့် အစားထိုးသွားရန်ရှိနေကြောင်း သိရသည်။ ထို့အတူ ကန်တီအနေဖြင့်လည်း ပြင်သစ်မြေသို့ ပြောင်းရွှေ့ကစားဖွယ်ရှိနေကြောင်းလည်း သိရသည်။

ကွင်းလယ်ကစားသမား ကန်တီသည် ချယ်လ်ဆီးအသင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်သည့် အပြင် ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်းကလည်း ချယ်လ်ဆီး အသင်းနှင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုထားခဲ့သူဖြစ်သည်။

ချယ်လ်ဆီးအသင်းအနေဖြင့် အပြောင်းအရွှေ့ရာသီ နှစ်ရာသီအတွက် ကစားသမားခေါ်ယူခြင်းကို ပိတ်ပင်ခံထားရပြီး နွေရာသီအပြောင်းအရွှေ့ကာလအတွင်း တိုက်စစ်မှူး ဟာဇက်ကိုပါ ဆုံးရှုံးရဖွယ်ရှိနေသည်။

# အနုပညာ



## စေ့စပ်လိုက်ပြီဖြစ်တဲ့ စကားလက်ဂျိုဟန်ဆန်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ စကားလက်ဂျိုဟန်ဆန်ဟာ လတ်တလောမှာတော့ အချိန်အတော်ကြာလက်တွဲလာခဲ့တဲ့ ချစ်သူနဲ့ စေ့စပ်လိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။ ချစ်သူသက်တမ်း နှစ်နှစ်ခန့် လက်တွဲလာခဲ့တဲ့ ကောလင်းဂျိုစ့်နဲ့ စကားလက်ဂျိုဟန်ဆန်တို့ လက်ထပ်လိုက်ပြီဖြစ်ကြောင်း ဒေးလီးမေးအွန်လိုင်းဒေါ့ကွန်းက ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

**အေးပြည့် - ရေးသားသည်**

## ချစ်သူရှိနေကြောင်း ထုတ်ဖော်ပြောကြားလာတဲ့ ဆိုဂျီဆပ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆိုဂျီဆပ်ဟာ လတ်တလောမှာတော့ ချစ်သူရှိနေပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ သူ့ရဲ့ ချစ်သူကတော့ ရုပ်သံအစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁၇ ရက်မှာတော့ ဒေသတွင်း မီဒီယာတစ်ခုက ဆိုဂျီဆပ်နဲ့ ချိုအွန်ဂျန်းတို့အတူအလည်အပတ်ထွက်ခဲ့ပုံတွေကို ဖော်ပြခဲ့ပါတယ်။ ဒီဓာတ်ပုံတွေမှာတော့ ဆိုဂျီဆပ်က ချိုအွန်ဂျန်းအတွက် ကော်ဖီဝယ်ပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီလိုသတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက်မှာတော့ ဆိုဂျီဆပ်ရဲ့ အေဂျင်စီမှ သတင်းရင်းမြစ်တစ်ဦးက သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။ ဆိုဂျီဆပ်ဟာ လက်ရှိမှာ အသက် ၄၂ နှစ်အရွယ်ရှိပြီဖြစ်ကာ ချိုအွန်ဂျန်းကတော့ ၂၅ နှစ်အရွယ်သာရှိသေးတာကြောင့် အသက်အရွယ်အားဖြင့် ၁၇ နှစ်ခန့် ကွာခြားပါတယ်။

သူတို့နှစ်ဦးဟာ ၂၀၁၈ ခုနှစ်အတွင်းက ဆိုဂျီဆပ်ရဲ့ ရုပ်ရှင်သစ် " Be With You" အတွက် ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်မှာ စတင်သိကျွမ်းခဲ့ကြတာပါ။ နောက်ပိုင်းမှာလည်း ဆုံတွေ့ခဲ့ကြပြီး ခင်မင်ခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီနောက် ချစ်သူတွေဖြစ်ခဲ့ကြပြီး လက်ရှိအချိန်မှာတော့ သူတို့နှစ်ဦးရဲ့ဆက်ဆံရေးဟာ အတော်လေးလေးနက်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။



ယခုနှစ်ရဲ့ ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို တက်ရောက်ခဲ့ကြတဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေအနက် အဖြူရောင်ဝတ်စုံနဲ့ ဖက်ရှင်ကျကျလှပစွာ ဝတ်ဆင်လျှောက်လှမ်းခဲ့တဲ့ ဆာရာဆန်ပါရီအို၊ ပရီယင်ကာချိုပရာ၊ ဂျက်ဆီကာ၊ ဘယ်လာဟာဒစ် **(ဝဲမှယာ)** တို့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်။



# လေယာဉ်မောင်းလိုင်စင်ကို အသက်အပိုင်းအခြားအလိုက်စစ်ဆေးခံကာ ပြန်လျှောက်ထားရသည့်စနစ်ဖြင့် ဆောင်ရွက်ပေးနေ



**ရန်ကုန် မေ ၂၀**

အများပြည်သူအား စိတ်ချယုံကြည်ရသော လေယာဉ်စီးခရီးသွားဝန်ဆောင်မှုပေးနိုင်စေရန် လေကြောင်းလိုင်းများအနေဖြင့် လေယာဉ် စစ်ဆေးမှုများကိုနေ့စဉ်ဆောင်ရွက်နေရပြီး လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများ၏ အရည်အသွေးစစ်ဆေးမှုကိုလည်း အသက်အပိုင်းအခြားအလိုက်၊ သတ်မှတ်ကာလအလိုက် စစ်ဆေးခံကာ လေယာဉ်မောင်းလိုင်စင် ပြန်လည်လျှောက်ထားရသည့် စနစ်များဖြင့် ဝန်ဆောင်မှုပေးနေကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"လေယာဉ်ပိုင်းလော့တွေက လေယာဉ်မောင်းသင်တန်းဆင်းပြီးတာနဲ့ လေယာဉ်တွေကို တစ်သက်လုံး မောင်းလို့မရပါဘူး။ လေယာဉ်မှူးတွေဟာ အသက် ၄၀ အထက်မှာ တစ်နှစ်ကိုတစ်ခါ လေယာဉ်မောင်းနှင်မှုတွေနဲ့ ကျန်းမာရေးစစ်ဆေးမှုတွေကို စစ်ဆေးခံရတယ်၊ အရေးပေါ်လေယာဉ် ဆင်းသက်မှုတွေ၊ အခက်အခဲတွေကို စီမြူလိပ်တာနဲ့ရော လက်တွေ့လေယာဉ်တွေနဲ့ပါ အစစ်ဆေးခံရတယ်။ ကျေညက်အောင် လေ့ကျင့်ရပါတယ်။ လေယာဉ်မှူးကနေစပြီး လေယာဉ်သားအထိ သူ့တာဝန်နဲ့သူ လေ့ကျင့်ရတယ်။ အစစ်ဆေး ခံရပါတယ်။ ပြီးတော့မှ DCA မှာ လေယာဉ်မောင်းလိုင်စင် ပြန်လျှောက်ရတာပါ။ အသက် ၆၀ ကျော်တဲ့သူတွေဆိုရင် သုံးလတစ်ခါ ဆေးပြန်စစ်ရတယ်။ လိုင်စင်ပြန်လျှောက်ရပါတယ်။ ကျွန်တော်တို့ဆီက ဘိုးရင်းပိုင်းလော့တွေဆိုရင် စင်ကာပူမှာ စီမြူလိပ်တာ သွားတက်ရတယ်။ Enbar လေကြောင်းလိုင်းက ပိုင်းလော့တွေဆို ဇူဟိုင်းမှာ သွားတက်ရတယ်။ ATR ဆိုရင် ဗန်ကောက် AirWay မှာ ခြောက်လတစ်ကြိမ်သွားတက်ရပါတယ်။ အဓိကကတော့ အရေးပေါ် ကြုံတွေ့ရချိန်မှာ စီမြူလိပ်တာမှာ အကြိမ်ကြိမ် အခါခါ လေ့ကျင့်စစ်ဆေးခံယူပြီးသားဖြစ်အောင် တက်ရတာပါ။ ဒါတွေက အခု လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နဲ့ လေယာဉ်အဖွဲ့သားတွေ လက်တွေ့လုပ်ဆောင်နိုင်ခဲ့တာ အားလုံးအသိဖြစ်မှာပါ" ဟု မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် (CEO ) ကပ္ပတိန်ဦးသန်းထွန်းက ပြောသည်။

လက်ရှိတွင် ပြည်တွင်းလေကြောင်းလိုင်း ခုနစ်လိုင်းရှိနေပြီး အပြည်ပြည်ဆိုင်ရာ နိုင်ငံများသို့ ပျံသန်းပြေးဆွဲနေသော မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းတို့ရှိကြောင်း သိရသည်။

ပြည်ပနိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ပြေးဆွဲနေသော လေကြောင်းလိုင်းများပါဝင်လျှင် ပြည်ပလေကြောင်းလိုင်းအနေဖြင့် စုစုပေါင်း ၃၁ လိုင်းရှိနေကြောင်း၊ ယခုနှစ်အတွင်း တရုတ်လေကြောင်းလိုင်း ငါးလိုင်းခန့်တိုးလာကြောင်း၊ ယင်းအပေါ် တရုတ်ခရီးသည်များ ဝင်ရောက်လာမှုရှိကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"နေ့စဉ် ပျံသန်းနေတဲ့လေယာဉ်တွေကို လုံခြုံစိတ်ချရအောင် စစ်ဆေးရတာက လေကြောင်းလိုင်းတွေမှာရှိတဲ့ အင်ဂျင်နီယာ စစ်ဆေးရေးအဖွဲ့တွေက မပျံသန်းမီ စစ်ဆေးနည်းအမျိုးမျိုးနဲ့ စစ်ဆေးနေတာပါ။ ဒါတွေက လေကြောင်းလိုင်းတွေက နေ့စဉ် မဖြစ်မနေလုပ်ရတဲ့ စစ်ဆေးမှုတွေပါ။ ဒီအပေါ်မှာ လေကြောင်းဦးစီးဌာနအနေနဲ့ကလည်း လေကြောင်းလိုင်းတွေကို စစ်ဆေးတာတွေလည်းရှိတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ကလည်း လာရောက်စစ်ဆေးတာတွေလည်းရှိတယ်။ ဒါတွေကို လက်ရှိမှာ အဓိကထားစစ်ဆေးနေတာက အပြည်ပြည်ဆိုင်ရာကိုပြေးဆွဲနေတဲ့ MNA နဲ့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းတွေက စစ်ဆေးခံနေတာပေ့ါ။ ပြည်တွင်းလေကြောင်းလိုင်းတွေကိုလည်း DCA အနေနဲ့စစ်ဆေးနေတာပါ။ အဓိကကတော့ ပြည်တွင်း၊ ပြည်ပခရီးသွားပြည်သူတွေကို လုံခြုံစိတ်ချရတဲ့ ခရီးသွားဝန်ဆောင်မှုပေးနိုင်အောင် စဉ်ဆက်မပြတ်တော့ ဆောင်ရွက်ပေးနေတာပါ" ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်က ပြောသည်။

**မြင့်မောင်စိုး**

# မိတ္ထီလာခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းပြီးမြောက်ခြင်း ဂုဏ်ပြုပွဲကျင်းပ



**မိတ္ထီလာ မေ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းပြီးမြောက်ခြင်း ဂုဏ်ပြုပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက ပါဝင်ဆောင်ရွက်ခဲ့သူများအား ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာခရိုင် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် စာသင်သားများကိုယ်စား မိတ္ထီလာမြို့နယ် ရေဝေကျေးရွာအုပ်စု ကံသာကျေးရွာ စာသင်ဝိုင်းမှ စာသင်သား ဒေါ်ခင်ရွှေထံသို့ သင်ယူတတ်မြောက်ခြင်း လက်မှတ်များအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက ပေးအပ်ရာ ကံသာကျေးရွာမှ စာသင်သား ဒေါ်ကြင်ဥက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ပါဝင်ခဲ့ကြသည့် မိတ္ထီလာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မိတ္ထီလာ)၊ ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ) တို့မှ ကြီးကြပ်နည်းပြ၊ ကျောင်းသား ကျောင်းသူများအား ၎င်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များက မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်သည်။

မိတ္ထီလာခရိုင်အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များမှ စာသင်သား စုစုပေါင်း ၅၇၉၂ ဦး အား ကြီးကြပ်သူ ၅၀ နှင့် နည်းပြ ၁၀၀၂ ဦးတို့က ဧပြီ ၉ ရက်မှ မေ ၁၈ ရက်အထိ မြန်မာစာ၊ သင်္ချာ အရေး၊ အဖတ်၊ အတွက်များကို ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# Green Mandalay အဖွဲ့က အရိပ်ရအပင်များ အခမဲ့စိုက်ပျိုး

**မန္တလေး မေ ၂၀**

Green Mandalay အဖွဲ့က မိမိတို့နေထိုင်ရာ အိမ်နှင့် ရပ်ကွက်များတွင် အရိပ်ရအပင်များ စိုက်ပျိုးလိုက အခမဲ့ လိုက်လံစိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့ရပ်ကွက်များတွင် အရိပ်ရအပင်များ ရှင်သန်မှုများပြားလာခြင်းနှင့်အတူ စိမ်းလန်းစိုပြည်လာပြီး ပူပြင်းသည့် နွေရာသီဥတုဒဏ်ကို အကာအကွယ်ဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သစ်ပင်စိုက်ပျိုးခြင်းတွင် ဝါသနာပါပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည့် Green Mandalay အဖွဲ့ဦးဆောင်လှုပ်ရှားသူတစ်ဦးက ပြောသည်။

Green Mandalay အဖွဲ့အနေဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် စိုက်ပျိုးရမည့်နေရာများတွင် မြေပြင်ကွင်းဆင်းလေ့လာပြီး နောက်တစ်ပတ် စနေ၊ တနင်္ဂနွေတွင် မြေကျင်းတူးကာ မြေဆွေးထည့်၊ ရေလောင်းခြင်းဆောင်ရွက်ပြီး နောက်အပတ်တွင် အပင်စိုက်ခြင်း ပြုလုပ်ပေးခြင်းဖြစ်သည်။ စိုက်ပျိုးပြီးချိန်တွင် အဖွဲ့ဝင်များက စိုက်ပျိုးထားသော နေရာများသို့ လှည့်လည်ကြည့်ရှုပြီး စိုက်ပျိုးထားသော အပင်များရှင်သန်မှုမရှိပါက ပြန်လည်စိုက်ပျိုးပေးကြောင်း သိရသည်။

စိုက်ပျိုးလိုသူများအနေဖြင့် Green Mandalay အဖွဲ့ ဖုန်း ၀၉-၉၇၆၆၆၄၇၀၁ နှင့် ၀၉-၉၆၄၈၈၈၇၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး တမာပင်၊ ကုက္ကိုပင်၊ မည်စည်ပင်၊ ဗာဒံပင်အစရှိသည့် မိမိနှစ်သက်ရာ အရိပ်ရအပင်များ လာရောက် စိုက်ပျိုးပေးမည်ဖြစ်သည်။

Green Mandalay အဖွဲ့က စိုက်ပျိုးပေးသော အပင်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ပံ့ပိုးပေးခြင်းဖြစ်ပြီး စိုက်ပျိုးလိုသူများက အချိန်မှန်ရေလောင်းပေးခြင်း တာဝန်ယူရမည်ဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# ကျောက်တန်းမြို့သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်

**ကျောက်တန်း မေ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု (CVD) အဖွဲ့၏ လေးနှစ်မြောက် နှစ်ပတ်လည်နေ့နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက ကျောက်တန်းမြို့အနောက်ပိုင်းရပ်ကွက် ရေလယ်ဘုရားလမ်း ကမ်းနားပရိယတ္တိကျောင်းတိုက်၌ကျင်းပသည်။

အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဒေါ်သက်သက်မူတို့က အမှာစကားပြောကြားပြီး (CVD) အသင်းကြီး၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို အသင်းကြီး၏ဘဏ္ဍာရေးမှူးက ရှင်းလင်းပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ကျောက်တန်းမြို့သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု (CVD) အဖွဲ့မှ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အဘိုး၊ အဘွား ၁၅၀ တို့အား ကျောက်တန်းမြို့ပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများဖြင့် ပူးပေါင်း၍ ကျန်းမာရေးအတွက် အားဆေးပေးခြင်းနှင့် အားဆေးအပတ်စဉ်ထိုးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းအစရှိသည့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**

**မဟာဗန္ဓုလသာရ ရှုပ်ရှင်တော်ခြံဝင်းကြီးဝူဇော်ပွဲ**

အောက်ဖော်ပြပါအစီအစဉ်အတိုင်း ပူဇော်ပွဲပြုလုပ်မည် ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက်ဖူးမျှော်ကြည်ညိုနိုင်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်နေ့–၂၂.၅.၁၉(ဗုဒ္ဓဟူးနေ့) ညနေ(၃)နာရီမှ ၂၄.၅.၁၉(သောကြာနေ့)နေ့လည်(၁)နာရီအထိ

ပူဇော်မည့်နေရာ – အမှတ် (၃)၊ မြေညီ၊ ရတနာလမ်း၊ ဘောက်ထော်သံလမ်းအနီး၊ မိချောင်းတန်အပိုင်း (၃) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁– ၅၇၁၆၄၃၊ ၀၁– ၂၉၃၅၄၉၊ ၀၁– ၂၄၂၂၄၉

ဦးအောင်ထွန်း+ဒေါက်တာခန်းခန်းရီ
အောင်သပြေကုမ္ပဏီမိသားစု၊ ရန်ကုန်မြို့။

**We Tour** ဘုရားဖူး
သောကြာည (၉) နာရီ
တောင်ငူ၊ သံတောင်ကြီး၊ ပသိချောင်း၊ နော်ဘုဘောတိမ်ပင်လယ်၊ ရွှင်းသာ
တစ်ဦး- 18000 Ks.
09 696336373, 09 958012080

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
စျေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296




**သင်္ဘောသားများရေးပဲလုပ်လုပ်၊ နိုင်ငံရေးပဲလုပ်လုပ်**
မဖြစ်မနေဖတ်သင့်သည်။
**ဦးဝင်းထိန် ကိုယ်တိုင်ရေးသည့်**
ကျွန်တော် နှင့် တပ်ချုပ်ကြီးများအကြောင်းပါ။ နှင့်
ဦးသိန်းစိန် သမ္မတ ဘာကြောင့်ဖြစ်တာလဲ

**ကားငှားလိုသည်**
ကုမ္ပဏီအတွက် နှစ်ချုပ်ငှားလိုသည်
နံပါတ်မှာ(L)အထက်ဖြစ်ရမည်
Probox, vitz Fit
09-799390506,
09-420313767


**မိုးရှာမောင်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ ရုံးခန်းများကို 15', 16'
Box ကားနှင့် လုပ်သားများအပါ။
မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးပါသည်။
09 5024774
09 73179228
09 49155515

**သာလွန်ကျော်**
အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းလေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
09-420780797
09-254285314

**ကြီး မြန် သစ် ပင် စိုက် ပျိုး လှျင် စွမ်း အင် လည်း ရ ပြည် လည်း လှ**



**ဦးနေအုပ် (စိန့်ပေါလ်)** ပြုစုထားသည်
**တက္ကသိုလ်ဝင်တန်း ■ အင်္ဂလိပ်စာ**
**အခန်းဆုံးလေ့ကျင့်ခန်းစာမေးပွဲ မေးခွန်းပေါင်းချုပ်**
**အခန်း(၁)မှ(၁၄)အထိ မေးခွန်းပေါင်း ၁၁၂ စုံ**
**မေးခွန်းသီးသန့်(၁)အုပ်၊ အဖြေသီးသန့်(၁)အုပ်**



၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်
ပုံစံသစ်မွမ်းမံပြင်ဆင်ဖြည့်စွက်ပြီး
**တက္ကသိုလ်ဝင်တန်း**
သင်ရိုးသစ်သင်ရိုးကုန်ဘာသာစုံစာအုပ်များ (တစ်ဘာသာတစ်အုပ်)

**ရွှေလက်**

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်
ပုံစံသစ်မွမ်းမံပြင်ဆင်ဖြည့်စွက်ပြီး
**နဝမတန်း**
သင်ရိုးသစ်သင်ရိုးကုန်ဘာသာစုံစာအုပ်များ (တစ်ဘာသာတစ်အုပ်)

■ ဖြန့်ချိရေး ရွှေလက်ရာစာပေ ၊ ဖုန်း– ၀၉ ၂၆၀ ၄၁၁ ၆၁၂ အမြို့မြို့အနယ်နယ် ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

**သိန်းသန်းဆက်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

**ရောင်ခြည်ထိပ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

**ဖျံ-၅-ကောင်**
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဆက(စာနယ်ဇင်း) ၂၁၄/၀၆၁၀
**ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594

**စမ်းချောင်းမြို့နယ်၊ ရှင်စာပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်း၊ အမှတ်-၅(မြေညီထပ်)**
**တိုက်ခန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်သူများသိရှိစေရန် အသိပေးကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းဥပစာ အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၄၅/၂၀၁၆)တွင် "ကျူးကျော်ဝင်ရောက်နေထိုင်သူအား ဖယ်ရှား၍ တိုက်ခန်းအား ပြန်လည်လက်ရောက်ရလိုမှု" စွဲဆိုထားရာ နှစ်ဖက်ရှေ့နေရှေ့ရပ်များဖြင့် တရားရုံးတော်ရှေ့မှောက်၌ အမှုဆိုင်ဆောင်ရွက်ဆဲဖြစ်ပါသည်။

ဥပဒေအရ စီရင်ခွင့်အာဏာရှိ တရားရုံးတော်၌ အမှုစွဲဆိုစစ်ဆေးကြားနာဆဲအမှု၏ အချင်းဖြစ်ပစ္စည်း(အထက်ဖော်ပြပါအခန်း)ကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ တစ်နည်းနည်း လွှဲပြောင်းခြင်း၊ ပြောင်းလဲပြုပြင်ခြင်းများပြုလုပ်ခွင့်မရှိပါ။ ဖောက်ဖျက်ကျူးလွန်ပြုလုပ်ပါက ဥပဒေနှင့်မညီ တရားဝင်မည်မဟုတ်ပါ။ ပြုကျင့်ကျူးလွန်သူတို့၏ တာဝန်သာဖြစ်စေမည်ဖြစ်ကြောင်း အမှုစွဲဆိုထားသူတရားလို၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာလိုက်ပါသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊တရားမကြီးမှုအမှတ်-၄၅/၂၀၁၆၊
တရားလို၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးကျော်မြင့်(ဖောင်တော်သီ) (စဥ်-၂၀၃၂) | ဒေါ်ခင်မေသန်း(စဥ်-၃၂၂၈) |
| B.A(Law),LL.B,D.B.L,D.M.L | LL.B,D.B.L,D.M.L.D.I.L |
| Ph:09-5108521 | Ph:09-5015316 |

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၆၂ (ပထပ်)၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**✝ DREAM ✝**
**Curtain & Sofa**
ဆိုဖာ ခိုင်ဒ်မျိုးစုံ ပြုပြင်ရေး
09-5060996
09-765060996
Facebook page တွင်လည်းကြည့်နိုင်ပါသည်။

# SGH CAR TRADING



**အိမ်သုံးကား၊ လုပ်ငန်းသုံးကား၊ မြေသယ်ကားများကို လက်ငင်း (သို့) အရစ်ကျ စနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။**

အမှတ်(၂၆)၊ ကျောက်တုန်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ရန်တင်းမြို့နယ်၊ph:09-765030336
အမှတ်(၄၂၃)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ Ph: 01-220502,09-785030336
အမှတ်(၅၁၁)၊ ဗားလာမြိုင်လမ်းသွယ်၊ လှည်းတန်း(AGD ဘဏ်ဘေး)၊ တာမွေမြို့နယ်၊ ph: 09-955030336,09-784551277

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်သန်းနွဲ့

**ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)**

**အ.လ.က (သုံးဆယ်၊ နောင်ချို)၊ အ.ထ.က(၅) တောင်ကြီး**

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂) ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ် (၃၂၁)နေ (ဦးငွေချို-ဒေါ်သိန်းညွန့်)တို့၏ သမီး၊ (ဦးကြယ်-ဒေါ်စိန်သင်)တို့၏ သမီးချွေးမ၊ (ဦးတင်ရွှေ)၏ဇနီး၊ ဦးသန့်ဇင်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-(ဒေါ်ရွှေဇင်ဦး)၊ (ဦးအောင်မြတ်လင်း)-ဒေါ်မိုးမိုးကြည်၊ ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)-ဒေါ်နှင်းလွင်လွင်၊ (ဦးမြသန်း)-ဒေါ်ခိုင်ခိုင်ရွှေ၊ ဦးဇေယျာမိုး-ဒေါ်မိမိမိုး(ပုံဆွဲ-၁၊ တည်ဆောက်ရေး-၁၊ ဆည်မြောင်းဦးစီးဌာန)၊ ဦးမြတ်မင်းသူ-ဒေါ်ချိုချိုထွေး၊ ဦးအောင်သီဟ-ဒေါ်ကေခိုင်ဝင်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွား ဒေါ်ခင်သန်းနွဲ့သည် ၂၀-၅-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၁၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင်(၅၀၀) ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ်(၃၂၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်သန်းနွဲ့**

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

**အလက(သုံးဆယ်၊ နောင်ချို)၊ အထက(၅)တောင်ကြီး**

**အသက်(၈၄)နှစ်**

ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)-ဒေါ်နှင်းလွင်လွင်တို့၏မိခင် ဒေါ်ခင်သန်းနွဲ့ အသက်(၈၄)နှစ်သည် ၂၀-၅-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဆောင်ခန့်ထန်**

**အသက်(၇၅)နှစ်**

**ခရိုင်တရားသူကြီး(ငြိမ်း)၊ တရားရုံးချုပ်၊ အောင်ဆန်း(၇)**

အောင်ဆန်း(၇)တရားရေးအရာရှိသင်တန်းဆင်း သူငယ်ချင်း ဦးဆောင်ခန့်ထန်သည် ၆-၅-၂၀၁၉ ရက်တွင် မန္တလေးမြို့၌ ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)တရားရေးအရာရှိ**
**သင်တန်းဆင်း သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းမြိုင်**

**အသက်(၆၄)နှစ်**

**မြို့နယ်ဥပဒေအရာရှိ (ငြိမ်း)**

မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း၊ အသင်းဝင် ဦးထွန်းမြိုင်၊ မြို့နယ်ဥပဒေအရာရှိ(ငြိမ်း)သည် ၁၈-၅-၂၀၁၉ ရက် ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာကျော်ဝမ်း**

**အသက်(၅၈)နှစ်**

ဒေါက်တာကျော်ဝမ်း 17th Batch UDMY Alumnus၊ ပဲခူးတိုင်းဒေသကြီး အသင်းခွဲ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်းဝင် အသက်(၅၈)နှစ်သည် ၁၇-၅-၂၀၁၉ ရက် ညပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**

---

## မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းစိန်လွင် (ယာယီရဲမှူးချုပ် မန္တလေးတိုင်း)၏ ချစ်လှစွာသော ဖခင်ကြီး ဦးသန်းနိုင် (ဒုအရာခံဗိုလ်-ငြိမ်း) ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ**

**မြင့်မြင့်စန်း၊ ကံငွေ၊ သိန်းဝင်း၊ မြတ်သာ၊ စံပွား၊ မျိုးမြင့်အောင်၊ အောင်မြင့်သန်း၊**

**(၁၉၈၄-၁၉၉၁) မြန်မာစာ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းလွင်

**အသက်(၅၀)**

မြန်မာရွှေရန့်ကုမ္ပဏီ ဒါရိုက်တာဦးဝင်းလွင်သည် ၁၇-၅-၂၀၁၉ ရက် နံနက်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာပလဲစန့်စင်နရီကုမ္ပဏီ**
**ရက္ခတံခွန်ကုမ္ပဏီ**
**စိမ့်အာကာကုမ္ပဏီ**

---

# အနိစ္စ

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးဘွန်ကြည် (မြိတ်)

**အသင်းဝင်အမှတ်(၅၁၆၃)**

**အသက်(၈၄)နှစ်**

မြိတ်မြို့ ထားဝယ်စုရပ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးတင်ကီ-ဒေါ်မြထူး)တို့၏ သား၊ (ဒေါ်ရှိစီ)၏ ခင်ပွန်းသည် ၁၆-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစံရင်

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၁၆)၊ တိုက်(၁၃၃)၊ အခန်း(၇)နေ (ဦးချစ်စိန်-ဒေါ်လှမြိုင်)တို့၏ သား၊ (ဦးပါ-ဒေါ်မြစိန်)တို့၏သားသမက်၊ (ဒေါ်ငွေငွေ)၏ ခင်ပွန်း၊ ဒေါ်စံပါယ် (ရန်ကင်း-TTC)၊ ဦးအောင်ကိုကိုလွင် (Multigate Co.,Ltd.)-ဒေါ်ခွာညို (အထက-၄၊ ဒဂုံဆိပ်ကမ်း)တို့၏ဖခင်၊ မဆုလင်းထက်၏အဘိုးသည် ၂၀-၅-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**

## ဦးကိုကိုဦး

**အသက် (၆၅)နှစ်**

**မြို့မကျောင်းသားဟောင်း**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်(၉)မိုင်၊ တော်ဝင်လမ်း၊ သီရိကွန်ဒို၊ တိုက်(စီ)၊ အခန်း(၉၁၉)နေ ဒေါ်နုနုခင်(တွဲဖက်ခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး)၏ခင်ပွန်းသည် ၁၈-၅-၂၀၁၉ (စနေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်သန်းနွဲ့**

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

**အလက(သုံးဆယ်၊ နောင်ချို)၊ အထက(၅) တောင်ကြီး**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ် (၃၂၁)နေ (ဦးငွေချို-ဒေါ်သိန်းညွန့်)တို့၏ သမီး၊ (ဦးကြယ်-ဒေါ်စိန်သင်)တို့၏ သမီးချွေးမ၊ (ဦးတင်ရွှေ)၏ဇနီး၊ ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)-ဒေါ်နှင်းလွင်လွင်တို့၏မိခင် ဒေါ်ခင်သန်းနွဲ့ (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း) အသက်(၈၄)နှစ်သည် ၂၀-၅-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ နှင့် ဇနီး ဒေါ်ဝင်းဝင်းမော်**
**ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်သန်းနွဲ့**

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

**အလက(သုံးဆယ်၊ နောင်ချို)၊ အထက(၅)တောင်ကြီး**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ် (၃၂၁)နေ (ဦးငွေချို-ဒေါ်သိန်းညွန့်)တို့၏ သမီး၊ (ဦးကြယ်-ဒေါ်စိန်သင်)တို့၏ သမီးချွေးမ၊ (ဦးတင်ရွှေ)၏ဇနီး၊ ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေး ဝန်ကြီးဌာန)-ဒေါ်နှင်းလွင်လွင်တို့၏မိခင် ဒေါ်ခင်သန်းနွဲ့ (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း) အသက်(၈၄)နှစ်သည် ၂၀-၅-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**ပြည်ထဲရေးဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်ဒါယကာကြီး

## ဦးတင်ငြိမ်း (၈၉) နှစ်

**မြို့နယ်ပညာရေးမှူး (ငြိမ်း)**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်စံပြကျေးရွာနေ (ဦးဘမောင်-ဒေါ်စောမြ)တို့၏သားကြီး၊ (ဦးသိန်းဖေ-ဒေါ်စိန်မို့)၊ (ဦးကြာခိုင်-ဒေါ်မြညွန့်)တို့၏ သားသမက်၊ ဒေါ်ခင်ထားရင်(မူ/အုပ်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ခင်ထား)၊ ဦးသန့်ကြီးတို့၏အစ်ကိုကြီး၊ Dr.ကျော်နိုင်ဦး-ဒေါ်ကျင်ကျင်အေး၊ ဦးအေးနိုင်(CIE, ORKIM SHIPMANAGEMENT, SDN.BHD)-ဒေါ်စန်းစန်း၊ ဦးမျိုးသိန်း(ဒုဌာနမှူး၊ အင်ဂျင်နီယာဌာန၊ ရေ/သန့်၊ ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်ယဉ်ဥမ္မာတင်၊ ဦးသိန်းနိုင်(3/O Jin Heung Shipping)-ဒေါ်ဆောင်းသဇင်(အထက၊ ဇုတ်သုတ်)တို့၏ချစ်လှစွာသောဖခင်၊မမြတ်မိုဖူး၊မသက်မြတ်နိုး၊မောင်ဇေယျာနိုင်၊မောင်ရွှေငွေစိုး၊ မဖြူစင်ရှင်းသန့်တို့၏ချစ်လှစွာသောဘိုးဘိုးကြီး ဦးတင်ငြိမ်းသည် ၁၉-၅-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ဇုတ်သုတ်စံပြကျေးရွာသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်သိန်း (ခ) ဒေါ်မြင့်မြင့်ကြည်

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့နေ (ဦးဦးကြည်-ဒေါ်ခင်လှ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ (၁၂/က)သော်တာလမ်းနေ ဦးလုရွှေ-(ဒေါ်တင်ညွန့်)တို့၏ သမီးချွေးမ၊ ဦးစိန်ဝင်း၏ဇနီး၊ ဦးဝင်းထွဋ် (PSI-Top Center Clinic Assistant)၊ ဒေါ်အိမြတ်ခိုင်တို့၏ချစ်လှစွာသောမိခင်၊ ဒေါ်နွဲ့နွဲ့ကြည်၊ (ဒေါ်ဖြူဖြူကြည်)၊ ဦးမျိုးဝင်း-ဒေါ်မာမာကြည်၊ (ဦးကျော်ကျော်ဝင်း-ဒေါ်မူမူကြည်)၊ ဦးသောင်းစိန်-ဒေါ်ငွေငွေကြည်၊ (ဦးကြည်ထွဋ်)-ဒေါ်တင်တင်အေး၊ ဦးစန်းမောင်-ဒေါ်သီတာကြည်တို့၏အစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ ကြီးကြီးသည် ၂၀-၅-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူး ရွှေဘော် (ငြိမ်း)

**OTS အပတ်စဉ်(၆၆)**

**စာရေးဆရာ ရွှေဘော်ဖြိုး (ဆင်တဲဝ)**

**ရွှေမြန်မာဂျာနယ်နှင့် ရွှေရောဂျာနယ်မီဒီယာဂရု(ပ်)ဥက္ကဋ္ဌ**

**အသက် (၆၀)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၁၀၉/ခ)၊ ရေကူးရွာမလမ်းနေ (ဦးစံဘော်-ဒေါ်ခင်ဆန်း)တို့၏သား၊ ဦးမောင်မောင်ချိန်-ဒေါ်ယဉ်မျိုးမေ(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့၏ မောင်၊ ဦးထင်အောင်-ဒေါ်ယဉ်မျိုးရွှေ(ဗိုလ်ကြီး-ငြိမ်း၊ အပတ်စဉ်-၁၃)၊ ဒေါ်ယဉ်ယဉ်ရွှေ (လက်ထောက်ညွှန်ကြားရေးမှူး၊ MRTV)တို့၏ချစ်လှစွာသောအစ်ကို၊ ဒေါက်တာဟန်ဇင်အေး (ဗဟိုကလေးဆေးရုံ)၊ မစိမ့်သူဟန်တို့၏ဖခင်၊ မောင်အောင်သော်သော်၏ ဦးလေး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ရတနာလမ်း၊ ဒုတိယထပ်၊ အမှတ်(၂၆)နေ ဒေါ်လေးခိုင်ခိုင် (ရွှေမြန်မာဂျာနယ်)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးရွှေဘော်သည် ၁၉-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၅၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ရတနာလမ်း၊ ဒုတိယထပ်၊ အမှတ်(၂၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာစောအောင်**

**အသက်(၆၇)နှစ်**

ဒေါက်တာစောအောင် 13th Batch UDMY Alumnus၊ ဝါးခယ်မမြို့နယ်အသင်းခွဲ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်းဝင် အသက်(၆၇)နှစ်သည် ၁၄-၅-၂၀၁၉ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကုဏ္ဍာစာရ

**သိက္ခာတော် (၄၇) ဝါ၊ သက်တော် (၆၇) နှစ်**

သာသနဓဇဓမ္မာစရိယ၊ တက္ကသီလ ဓမ္မာစရိယ၊ တက္ကသီလ မဟာဓမ္မာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ပရိယတ္တိသံဃတက္ကသိုလ်(ရန်ကုန်) သုတ္တန္တဌာန၊ လက်ထောက်ကထိကဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာတိုက်၊ ကံကျောင်းပဓာနနာယက ဆရာတော်သည် (၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်) ၂၀-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၂၂-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိ ဈာပနအခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ (အိမ်တော်ရာတိုက်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းနိုင်

**ဒုအရာခံဗိုလ်-ငြိမ်း၊ ကပစ-၁**

**အသက် (၉၀)**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ တေးဥယျာဉ်(၁)လမ်း၊ အမှတ် (၆၂/ခ)နေ (ဦးဘုန်းလှိုင်-ဒေါ်ဖွားစော)တို့၏သား၊ ကမ္ဘာအေးနေ (ဒေါ်ချစ်ခင်)၊ (ဒေါ်ညွန့်စိန်)၊ (ကိုမောင်စော)၊ (ဒေါ်မိ)၊ (ဦးမောင်စိန်)တို့၏ညီ/မောင်၊ ဦးသန့်စင် (အာလာဒင်အကျိုးဆောင်လုပ်ငန်း)-ဒေါ်ခင်ချို၊ (ကိုစိန်သွင်)၊ ယာယီရဲမှူးချုပ်စိန်လွင် (မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး)-ဒေါ်ခင်စောအေး(နီနီ)၊ ကိုဝေလွင်-မသန်းသန်းဝင်း၊ ကိုဝင်းနိုင် (Japanese Tour Guide & Interpreter)-မခိုင်ခင်ဦးတို့၏ ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်မြသန်း၏ခင်ပွန်း ဦးသန်းနိုင်သည် ၁၉-၅-၂၀၁၉ (တနင်္ဂနွေနေ့) ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## PI NING KHAW VUNG (Valte House)

**အသက်(၉၀)**

**Haiciin Khua, Tonzang Township**

**Chin State**

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ဟိုင်ကျင်းစံပြရွာနေ Pu Gin Thang၊ Pi Kai Man-(Guite Innpi)တို့၏ သမီးကြီး၊ Pu Thang Zacin-Pi Ning Khaw Cing (Valte House)တို့၏ သမီးချွေးမ၊ (Pu Dai Cin Pau)၏ ချစ်လှစွာသောဇနီး၊ Pa Cin Go Lam Thang ( E.E-A. EPC, Yangon) - Nu Vung Khen Niang, Nu Cing Khaw Hau-Rev. Kham Za En, Cpl. Mang Khaw Kham-Nu Vung Sian Zam, Nu Ngai Khan Niang - Subedar Kham Khaw Mang (Shillong), Nu Lal Zeel Cing-Sgt.Mang Khan Lia၊ (Mongsat), Pa Kham Lian Suan-Nu Vung Za Ciin တို့၏မွေးသမိခင်၊ (Pu Pum Khaw Mang)၊ (Pi Don Khaw Hau)၊ (Pi Man Za Cing) တို့၏အစ်မကြီး၊ Nu Man Khaw Lian, Nu Vung Khen Niang၊ Pa Thang Mun Mang, Pa Pau Lun Min Thang (လူမှုရေးဝန်ကြီး၊ ချင်းပြည်နယ်အစိုးရ၊ ဟားခါးမြို့)၊ Lia Vung Dein Kim, Pa Dal Sian Mung (Norway), Pa Tha Sian Khai တို့၏ အဒေါ်ကြီး၊ Nu Ciin Zam, Nu Dim Khaw Vung, Sgt. Thang Za Vungh (ငြိမ်း) Flt. Sgt.Laang Cin Lal (MAF) (ငြိမ်း)၊ Dr.C.Thang Za Tuan (ဒု-ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အခြေခံပညာဦးစီးဌာန)၊ Nu Zam Kham Vung (ရွှေပြည်သာ) တို့၏ မရီးကြီး၊ မြေး ၃၂ ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားသည် ၂၀-၅-၂၀၁၉ ရက် နံနက် ၇း၃၀ နာရီတွင် နေအိမ်၌ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၅-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ရွာ၏ ခရစ်ယာန်မဟာသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ အမှတ်(၈၆)၊ ဇင်္ဂမလမ်း၊ ၂/မြောက်ရပ်ကွက်နေ (ဦးကုလား(ခ)ဦးသာလှိုင်-ဒေါ်ဟန်ရွှေ)တို့၏ သမီး၊ (ဦးစောအောင်-ဒေါ်သိန်းနု)တို့၏ သမီးချွေးမ၊ (ဦးထွန်းရီ)-ဒေါ်တင်အေး၊ (ဦးမျိုးမြင့်)-ဒေါ်နု တို့၏ ညီမ၊ (ဦးအောင်ဖြိုး-ဒေါ်ကြည်မြင့်)၊ ဦးတိုး-ဒေါ်သန်းနွဲ့၊ ဦးမောင်မောင်-ဒေါ်ခင်စန်းကြွယ်၊ ဦးကံဝင်း-ဒေါ်မြမြတို့၏ အစ်မ၊ (ကိုအောင်မိုး-မကေသီခိုင်)၊ ကိုဇော်မင်း-မခင်ခင်တိုး၊ ဗိုလ်မှူးကြီးသန်းလှိုင်ဝင်း-မမျိုးမလွင် တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွား၊ ဦးသိန်းအောင်၏ ချစ်ဇနီးသည် ၁၉-၅-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၉ ရက် ညနေ ၅ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစံမင်း

**သတင်းတပ်ဖွဲ့(ငြိမ်း)**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ အမှတ်(၇၉)၊ ခုနစ်လွှာ၊ မဟာမြိုင်ရဲရိပ်သာနေ (ဦးဖြူသီး-ဒေါ်စိန်စိန်)တို့၏ သား၊ ဦးထွန်းဝင်း-ဒေါ်စံလှဖြူ တို့၏ သားသမက်၊ ဦးဦးခင်မောင်-ဒေါ်မြမြဝင်းတို့၏ အစ်ကို၊ ကိုထွန်းညိုသန်း-မခင်စောမျိုးနွယ်၊ မမြတ်သီရိနွယ်၊ မောင်ပြည့်စုံအောင်တို့၏ ဖခင်၊ ဒေါ်သီတာကျော်၏ ခင်ပွန်းသည် ၂၀-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကြေးမုံ ယနေ့ ဖတ်စရာ

အပေးအယူ ရုပ်ရှင် ဇာတ်ကား၏ ဇာတ်ဝင်ခန်း အချို့ နေပြည်တော်တွင် လာရောက်ရိုက်ကူး
စာမျက်နှာ - ၁၀

ငါးသယံဇာတများကို ထိန်းသိမ်းရန် ငါးမဖမ်းရ ကာလများ သတ်မှတ်ထား
စာမျက်နှာ - ၁၉

လေယာဉ်မောင်းလိုင်စင်ကို အသက်အပိုင်းအခြားအလိုက် စစ်ဆေးခံကာ ပြန်လျှောက်ထားရသည့်စနစ်ဖြင့် ဆောင်ရွက်ပေးနေ
စာမျက်နှာ - ၂၁

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး (၉)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာဥပဒေဖိုရမ်မှ ပြန်လည်ရောက်ရှိ



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Dmitry A. Medvedev တို့ တွေ့ဆုံစဉ်။

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Alexander Konovalov ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် မေ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် "(၉) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာဥပဒေဖိုရမ်" (IX^th St. Petersburg International Legal Forum) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုတရားသူကြီးချုပ်အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Nikolay Alistopadov နှင့် သံရုံးမှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**ဆွေးနွေး**

အဆိုပါ ဥပဒေဖိုရမ်သို့ နိုင်ငံတကာမှ ဥပဒေပညာရှင်များ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် ဆက်စပ်လျက်ရှိသည့် နယ်ပယ်များမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်၍ ယနေ့ဖြစ်ပေါ်လျက်ရှိသည့် ဥပဒေဆိုင်ရာ ပြဿနာများ၊ ကိစ္စရပ်များကို မျက်နှာစုံညီဆွေးနွေးခြင်း၊ ဟောပြောပို့ချခြင်းနှင့် စကားဝိုင်းဆွေးနွေးပွဲများကို လေးရက်ကြာ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ✳**

# ရှုံးထွက်ဆီမီးသို့ ပထမဆုံးတက်လာသည့် စစ်ကိုင်းအသင်း လက်ရှိချန်ပီယံရန်ကုန်နှင့် တွေ့ဆုံ



ရတနာပုံအသင်းတိုက်စစ်မှူး ဝင်းနိုင်ထွန်း စစ်ကိုင်းအသင်းဘက်သို့ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းစဉ်။

**ရန်ကုန် မေ ၂၀**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ် (ဒုတိယနေ့) ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ စစ်ကိုင်းအသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

**(အောင်ဆန်းကွင်း)**
**စစ်ကိုင်း - တစ်ဂိုး**
**ရတနာပုံ - ဂိုးမရှိ**

ပြီးခဲ့သည့်ရာသီတွင် MNL သို့ ပထမဆုံးတက်ရောက်လာသည့် စစ်ကိုင်းအသင်းသည် ဒုတိယမြောက်ရာသီတွင် ရှုံးထွက်ဆီမီးဖိုင်နယ်သို့ ပထမဆုံးတက်ရောက်နိုင်ခဲ့သည်။ ယခုရာသီတွင် ပုံစံကောင်းပြသနေသည့် **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ✳**

# အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ထိပ်ဆုံးမှ မြဝတီနှင့် ဒုတိယနေရာမှ အား/ကာသိပ္ပံ ထိပ်တိုက်တွေ့ဆုံ

**ရန်ကုန် မေ ၂၀**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)ကို မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် ဒုတိယနေရာမှ အား/ကာသိပ္ပံအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ယခုတစ်ပတ်ပွဲစဉ်များမှာ အကြိတ်အနယ်ရှိနိုင်ပြီး မြဝတီနှင့် အား/ကာသိပ္ပံအသင်းတို့၏ပွဲများမှာ ချန်ပီယံဆုအတွက် အရေးပါလျက်ရှိသည်။ သုံးမှတ်ကွာဟနေသည့် မြဝတီနှင့် အား/ကာသိပ္ပံအသင်းပွဲမှာ ချန်ပီယံဆုအတွက် အတိုင်းအတာတစ်ခုအထိ အဖြေပေါ်နိုင်ပြီး မြဝတီအသင်း အနိုင်ရပါက ခြောက်မှတ်အသာဖြင့်ချန်ပီယံဆုအတွက် သေချာသလောက်ဖြစ်သွားမည်ဖြစ်သည်။ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ◯**

